# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ကိလေသာမာရ် ကိုယ်တွင်းရန်**

ရေတည်းဟူသော မီးရာတည်ရာမှ ထုတ်ဆောင်၍ ကုန်း၌ ပစ်ချထားအပ်သော ငါးသည် တဖျပ်ဖျပ်တုန်လှုပ်သကဲ့သို့ ကိလေသာမာရ် ကိုယ်တွင်းရန်ကို ပယ်ရန် ကာမနယ်ပယ်မှ ထုတ်ဆောင်၍ ထားအပ်သော ဤစိတ်သည် တဖျပ်ဖျပ် တုန်လှုပ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၄)


၁၃၈၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၇ ရက် | ၂၀၂၄ ခုနှစ်၊ မတ် ၂ ရက်၊ စနေနေ့ | အတွဲ (၆၃)၊ အမှတ်(၁၅၄)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ် အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်း ငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေး အတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍများတွင် ပါဝင်ဆောင်ရွက်နေကြသူများအားလုံးက အဘက်ဘက်က အကျိုးရှိအောင် ဝိုင်းဝန်းလုပ်ဆောင်

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ တောင်သူလယ်သမားနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ ( ၂၀၂၄ ခုနှစ်၊ မတ်လ ၂ ရက် )

**ချစ်ခင်လေးစားရပါသော တောင်သူလယ်သမားကြီးများ ခင်ဗျား**

ယနေ့အချိန်အခါသမယသည် နိုင်ငံတော်တစ်ဝန်းလုံးရှိ လယ်ယာစိုက်ပျိုးမွေးမြူသူ တောင်သူလယ်သမားကြီးများအား အလေးအနက် ဂုဏ်ပြုသတ်မှတ်ထားသည့် သမိုင်းဝင် နေ့ထူးနေ့မြတ် တောင်သူလယ်သမားနေ့ ဖြစ်ပါသည်။ တောင်သူလယ်သမားကြီးများအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆတက်ထမ်းပိုး တိုးတက်အောင် စွမ်းဆောင်နိုင်ကြပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ရှေ့လုပ်ငန်းစဉ် (၅)ရပ် ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး၊ စီးပွားရေးကဏ္ဍများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပို့ကုန်မြှင့်တင်နိုင်ရေးတို့အတွက် စီးပွားရေးဦးတည်ချက် (၃) ရပ် ချမှတ်၍ ရေတိုရေရှည်စီမံကိန်းများ ရေးဆွဲကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

တောင်သူလယ်သမားကြီးများ စိုက်ပျိုးထုတ်လုပ်လျက်ရှိသော သီးနှံများအနက် *စာမျက်နှာ ၃ ကော်လံ ၁* ❖

## ပြည်ပမှစက်သုံးဆီတင်သင်္ဘောများ သီလဝါဆိပ်ကမ်းသို့ ပုံမှန်ဝင်ရောက်လျက်ရှိပြီး စက်သုံးဆီများ ပုံမှန်ဖြန့်ဖြူးလျက်ရှိ

**နေပြည်တော် မတ် ၁**

ပြည်ပမှမှာယူထားသည့် စက်သုံးဆီတင်သင်္ဘောများသည် စီစဉ်ထားသည့်အတိုင်း ရန်ကုန်တိုင်းဒေသကြီး သီလဝါဆိပ်ကမ်းဒေသသို့ ပုံမှန်အဆက်မပြတ်ဝင်ရောက်လျက် သိုလှောင်ကန်များအတွင်းသို့ စက်သုံးဆီများ ချယူဖြည့်တင်းလျက်ရှိပြီး ရန်ကုန်တိုင်းဒေသကြီးအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စက်သုံးဆီအရောင်းဆိုင်များသို့ စဉ်ဆက်မပြတ် ဖြန့်ဖြူးပေးလျက်ရှိသည်။

၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၂၉ ရက်တွင် ဆီတင်ယာဉ် ၁၁၇၅ စီးဖြင့် 92 Ron ဂါလန် ၁၂ သိန်းကျော်၊ 95 Ron ဂါလန် ၄ သိန်းကျော်၊ ဒီဇယ်ဆီဂါလန် ၉ သိန်းကျော်၊ ပရီမီယမ်ဒီဇယ်ဆီဂါလန် ၁၂ သိန်းကျော် ဖြည့်တင်းပေးနိုင်ခဲ့ကြောင်းနှင့် သီလဝါဆိပ်ကမ်းဒေသသိုလှောင်ကန်စခန်းများတွင်လည်း စက်သုံးဆီအလုံအလောက်ရှိပြီး နေ့စဉ်ပုံမှန်ဖြန့်ဖြူးနေမှုအခြေအနေအတိုင်း ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရှိရပြီး အများပြည်သူအနေဖြင့် ကောလာဟလသတင်းများကြောင့် မကြာမီစက်သုံးဆီပြတ်လပ်မည်ကို စိုးရိမ်ပူပန်ပြီး လိုအပ်သည်ထက် ပိုမိုဝယ်ယူရန်မလိုအပ်ဘဲ ပုံမှန်သုံးစွဲမှုအတိုင်း စိတ်အေးချမ်းသာစွာ ဝယ်ယူနိုင်ပါကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



## ရန်ကုန်မြို့အနီးရှိ ဆယ်အိမ်တန်းကမ်းခြေသို့ စနေ၊ တနင်္ဂနွေရုံးပိတ်ရက်နှင့် ရက်ရှည်ရုံးပိတ်ရက်များတွင် လာရောက်လည်ပတ်မှု များပြားလျက်ရှိ

**ရန်ကုန် မတ် ၁**

ရန်ကုန်မြို့အနီး ကွမ်းခြံကုန်းမြို့နယ်တွင် တည်ရှိကာ ယခုနောက်ပိုင်းကာလများတွင် လူသိများလာသည့် ဆယ်အိမ်တန်းကမ်းခြေသို့ စနေ၊ တနင်္ဂနွေရုံးပိတ်ရက်နှင့် ရက်ရှည်ရုံးပိတ်ရက်များတွင် နေ့ချင်းပြန်ခရီးစဉ်နှင့် ညအိပ်ခရီး လာရောက်လည်ပတ်မှုများပြားလျက်ရှိကြောင်း ဒေသခံများထံမှ သိရသည်။

"ပွင့်လင်းရာသီလည်းဖြစ်တော့ ပုံမှန်ကတော့ လာကြပါတယ်။ ရုံးပိတ်ရက်တွေဖြစ်တဲ့ စနေ၊ တနင်္ဂနွေပိတ်ရက်လို အခါကြီးရက် ရုံးပိတ်ရက်တွေတော့ ကမ်းခြေမှာ လူတွေ တော်တော်များတယ်။ ရုံးပိတ်ရက်မဟုတ်တဲ့ တနင်္လာ၊ သောကြာလိုနေ့တွေမှာဆိုရင်တော့ *စာမျက်နှာ ၄ ကော်လံ ၁* ❒


**ယနေ့ ဖတ်စရာ**

ဂျပန်ကုမ္ပဏီ ၃၇၀ က မြန်မာ လုပ်သား ၁၃၀၀ ကျော် ခေါ်ယူမည် — ပြည်တွင်းသတင်း စာ ၅

ဘရာဇီးနိုင်ငံ၌ သွေးလွန်တုပ်ကွေး ရောဂါဖြစ်ပွားသူ တစ်သန်းကျော်လာ — နိုင်ငံတကာသတင်း စာ ၁၃





ဤတရားဆိုးများအပေါ် မေတ္တာလက်နက်ဖြင့်သာ ... — ဆောင်းပါး စာ ၁၆


**၂၀၂၄ ခုနှစ် တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုပါ၏။**

မြန်မာ့အလင်း

## ပန်းတိုင်ထွက်နှုန်းပြည့်မီရေးနှင့် သီးထပ်စွမ်းအားမြင့်မားရေး

စိုက်ပျိုးရေးနှင့် မွေးမြူရေးအခြေခံ စီးပွားရေးနိုင်ငံဖြစ်သည့် မြန်မာနိုင်ငံ၏ စီးပွားရေးကို အဓိက မောင်းနှင်နေသည့်အင်အားစုမှာ တောင်သူလယ်သမားများဖြစ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်တွင် " တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွား မြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။" ဟူ၍ လုပ်ငန်းစဉ်ပါရှိရာ အဆိုပါလုပ်ငန်းစဉ် အောင်မြင်ရန်မှာ နိုင်ငံတစ်ဝန်း ကျေးလက်ဒေသများရှိ တောင်သူလယ်သမားထုကြီး၏ အကောင်အထည်ဖော်ကြိုးပမ်းမှုက ပဓာနဖြစ်သည်။

မြန်မာနိုင်ငံတွင် စိုက်ပျိုးထုတ်လုပ်နေသည့် သီးနှံများမှာ ပြည်တွင်း၌ အဓိကစားသုံးသည့် သီးနှံဖြစ်သော စပါးနှင့် ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာ၊ ပြည်ပပို့ကုန် ပဲအမျိုးမျိုး၊ ပြောင်း၊ စက်မှုကုန်ကြမ်းသီးနှံများဖြစ်သော ဝါ၊ ကြံနှင့် နှစ်ရှည်ပင်များဖြစ်သည့် ကော်ဖီ၊ ရော်ဘာ၊ မီးဖိုချောင်သုံးသီးနှံ ငရုတ်၊ ကြက်သွန်၊ အာလူးနှင့် သစ်သီးဝလံများဖြစ်ကြရာ အဆိုပါ စိုက်ပျိုးထွက်ကုန်အားလုံးအတွက် ပြည်တွင်း၊ ပြည်ပဈေးကွက်များ အဆင်သင့်ရှိသည်။ ရာသီအလိုက် သီးနှံများ စိုက်ပျိုးလျက်ရှိသည့် မြေဧရိယာများပေါ်တွင် သီးနှံတစ်မျိုးချင်းအလိုက် ပန်းတိုင်အထွက်နှုန်းများအတိုင်း ထွက်ရှိအောင် စိုက်ပျိုးခြင်း၊ တစ်နှစ်ပတ်လုံး သီးထပ်စိုက်ပျိုးခြင်းတို့ကို အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်မည်ဆိုပါက စိုက်ပျိုးကုန်ထုတ်စွမ်းအား မြင့်မားလာသည်နှင့်အတူ တောင်သူလယ်သမားတို့၏ လူမှုဘဝများလည်း လိုက်ပါမြင့်မားလာမည်ဖြစ်သည်။

သီးနှံများ ပန်းတိုင်ထွက်နှုန်း ပြည့်မီအောင်ထွက်ရှိရေးဆောင်ရွက်ကြရာတွင် စိုက်ပျိုးသီးနှံအလိုက် သတ်မှတ်ပေးထားသည့် ထွက်နှုန်းများမှာ မဖြစ်နိုင်သည်ကို သတ်မှတ်ထားခြင်းမဟုတ်ဘဲ တကယ်လုပ်ပါက အဟုတ်ထွက်ရှိနိုင်သည့်စံနှုန်းများသာဖြစ်သည်ကို သတိချပ်ကြရန်လိုသည်။ မိမိတို့နိုင်ငံကဲ့သို့ပင် သီးနှံများ စိုက်ပျိုးထုတ်လုပ်လျက်ရှိသော အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့်နှိုင်းယှဉ်ပါက တောင်သူလယ်သမား တစ်ဦးချင်းအရရော မြေတစ်ဟက်တာချင်းအရပါ မိမိတို့နိုင်ငံက နိမ့်ကျလျက်ရှိရာ ယခုထက်ပို၍ အားထုတ်ကြိုးပမ်းကြမှသာ အဆိုပါနိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ၂၀၂၂ ခုနှစ်က ဆီထွက်သီးနှံ မြေပဲ၊ နှမ်း၊ နေကြာ စုစုပေါင်း ဧက ခုနစ်သန်းခွဲခန့် စိုက်ပျိုးခဲ့ရာ အကယ်၍သာ ဆီထွက်သီးနှံ သုံးမျိုးစလုံး ပန်းတိုင်ရည်မှန်းချက် အထွက်နှုန်းအတိုင်း ပြည့်မီစွာထွက်ရှိမည်ဆိုပါက ပြည်တွင်းစားသုံးဆီ လိုအပ်ချက်ထက် နှစ်ဆခန့်ကျော်လွန်ထုတ်လုပ်နိုင်မည်ဖြစ်သော်လည်း မြေပဲတစ်မျိုးသာလျှင် ပန်းတိုင်အထွက်နှုန်းပြည့်မီခဲ့သည်ဟု သိရသည်။ ထို့အပြင် စပါးအပါအဝင် အခြားသီးနှံများအားလုံးကိုလည်း ပန်းတိုင်အထွက်နှုန်းရရှိစေရန် တစိုက်မတ်မတ်ဆောင်ရွက်မည်ဆိုပါက ပိုမိုရရှိလာမည့်သီးနှံများနှင့် ဝင်ငွေများက နိုင်ငံ့စီးပွားရေးကို မြှင့်တင်ပေးနိုင်မည်ဖြစ်သကဲ့သို့ တောင်သူလယ်သမားတို့၏ လူမှုဘဝများကိုလည်း မြင့်မားစေမည်ဖြစ်သည်။

စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်အောင်မြှင့်တင်ရာတွင် သီးထပ်စွမ်းအားမြင့်မားရေးအတွက် တစ်နှစ်လျှင် နှစ်သီးမှ သုံးသီးအထိ စိုက်ပျိုးရန်၊ တစ်ဧကအထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်ရန်၊ စိုက်ဧကများ လျော့နည်းမသွားအောင်ဆောင်ရွက်ရန်၊ ဒေသ ရေ၊ မြေ၊ ရာသီဥတုနှင့်ကိုက်ညီသည့် သီးနှံများကို ပြောင်းလဲစိုက်ပျိုးရန် နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်များနှင့်အညီ တောင်သူလယ်သမားများက ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်သကဲ့သို့ ဒေသအလိုက် တာဝန်ရှိသူများကလည်း ဝိုင်းဝန်းကြပ်မတ်ကူညီဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးကုန်ထုတ်စွမ်းအားမြင့်မားစေပြီး နိုင်ငံ့ဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်သည့် အရှိန်အဟုန်ကို ဖြစ်ပေါ်စေမည်ဟု တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုရေးသားလိုက်ရပါကြောင်း။ ။

## (၇၉) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေး(၃)ပါးကို တပ်မတော်၏အမျိုးသားရေးမူဝါဒအဖြစ် အမြဲဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အတွက် အသက်ပေးကာကွယ်စောင့်ရှောက်ရေး။

( ခ ) နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်(၂)ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးလုပ်ငန်းစဉ်များတွင် နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားပြည်သူလူထုတို့နှင့်အတူ တပ်မတော်သားများ အနေဖြင့် ကျရာအခန်းကဏ္ဍများမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

( ဂ ) အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာ ဆိုသည့် တပ်မတော်၏ လုပ်ငန်းစဉ်များနှင့်အညီ စွမ်းရည်(၃)ရပ် တိုးတက်မြင့်မားအောင် အစဉ်တစိုက် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေးအတွက် လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြန်လည်တူးဖော်ပြုပြင်ထိန်းသိမ်းလျက်ရှိသော ရှေးဟောင်းရေကန်များအတွက် ပါဝင်လှူဒါန်းနိုင်

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြည်တွင်းပြည်ပကျွမ်းကျင်ပညာရှင်များ၏ အကြံပြုချက်များနှင့် ကမ္ဘာ့အမွေအနှစ်စံနှုန်းများနှင့်အညီ ပြန်လည်တူးဖော်ပြုပြင်ထိန်းသိမ်းလျက်ရှိသော ပထမအဆင့် ရှေးဟောင်းရေကန် ၄၆ ကန်နှင့် ဒုတိယအဆင့် ရှေးဟောင်းရေကန် ၄၅ ကန်တို့ကို ရဟန်းရှင်လူ ပြည်သူများ ပါဝင်လှူဒါန်းလိုပါက ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(စီမံ/ဘဏ္ဍာဌာနခွဲ)၊ နေပြည်တော်၊ ဖုန်း၊ ၀၉-၄၄၄၀၄၇၁၂၃၊ ၀၆၇- ၃၄၀၈၄၁၈၊ ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ရန်ကုန်ဌာနခွဲ၊ ဖုန်း၊ ၀၉-၅၀၆၁၈၃၂၊ ၀၁-၇၅၁၃၈၉၇၊ ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ မန္တလေးဌာနခွဲ၊ ဖုန်း၊ ၀၉-၂၀၀၂၁၉၅၊ ၀၂-၄၀၆၀၀၆၁၊ ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ပုဂံဌာနခွဲ၊ ဖုန်း၊ ၀၉-၂၀၀၁၉၀၆ ၊ ၀၆၁- ၂၄၆၀၂၆၉ တို့သို့လည်းကောင်း KBZ Bank NYAUNG OO BRANCH Account No- 06713906701442701 သို့လည်းကောင်း ပေးပို့ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

## Daiozu Memorial Foundation မှ ၂၀၂၄ ခုနှစ်အတွက်ပေးအပ်မည့် ပညာသင်ဆုကို မတ် ၁ ရက်မှစ၍ လျှောက်ထားနိုင်

**ရန်ကုန် မတ် ၁**

Daiozu Memorial Foundation မှ ၂၀၂၄ ခုနှစ်အတွက် ပေးအပ်မည့်ပညာသင်ဆုကို မတ် ၁ရက်မှစ၍ လျှောက်ထားနိုင်ကြောင်း ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံရုံးက ထုတ်ပြန်ပေးထားသည့်အချက်အလက်များအရ သိရသည်။

ထိုသို့ လျှောက်ထားနိုင်ကြောင်း မြန်မာသံရုံးကို အသိပေးလာခြင်းဖြစ်ကာ ဂျပန်နိုင်ငံ၏ Tokyo၊ Chiba၊ Saitama၊ Kanagawa၊ Ibaraki၊ Tochigi နှင့် Gunma စီရင်စုများရှိ တက္ကသိုလ်များမှ ဘွဲ့ရကျောင်းသားများ၊ မဟာဘွဲ့၊ ပါရဂူဘွဲ့တက်ရောက်ရန် စာရင်းပေးသွင်းထားသူများ၊ တစ်နှစ်လျှင် မိသားစုဝင်ငွေ ယန်း ၆၀၀၀၀၀၀ အောက်ရှိသူများ၊ ၂၀၂၃ ခုနှစ် ဧပြီလတွင် ဒုတိယနှစ်နှင့်အထက် ကျောင်းဝင်စာရင်းသွင်းထားသည့် နိုင်ငံတကာကျောင်းသားများအား Daiozu Memorial Foundation ပညာသင်ဆုပေးအပ်ရန် ရည်ရွယ်ကြောင်းနှင့် ထောက်ပံ့ကြေးလျှောက်ထားနိုင်ကြောင်း သိရသည်။

အဆိုပါ Daiozu Memorial Foundation ပညာသင်ဆု ချီးမြှင့်ရန်အတွက် နိုင်ငံတကာကျောင်းသား ၂၅ ဦး ရွေးချယ်သွားမည်ဖြစ်ပြီး ထောက်ပံ့ကြေးကို တစ်နှစ်လျှင် နှစ်ကြိမ်ပေးအပ်မည်ဖြစ်ကာ တစ်နှစ်လျှင် ယန်း ၃၆၀၀၀၀၊ တစ်လလျှင် ယန်း ၃၀၀၀၀ ပေးအပ်သွားမည်ဟု သိရသည်။

ထို့ကြောင့် ၂၀၂၄ ခုနှစ် မတ် ၁ ရက်မှ မေ ၂၀ ရက်တွင် နောက်ဆုံးထား၍ http://www. daiohs-zaidan.or.jp သို့ ဝင်ရောက်လျှောက်ထားနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက info@daiohs-zaidan.or.jp သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

MT

## ကံမမြို့နယ်၌ တိုက်ရိုက်မျိုးစေ့ချကိရိယာဖြင့် နွေစပါးစုပေါင်းစိုက်ပျိုး

**ကံမ မတ် ၁**

မကွေးတိုင်းဒေသကြီး ကံမမြို့နယ် ကဒူးပြင် ကျေးရွာအုပ်စု ကဒူးပြင်ကျေးရွာ ကွင်းအမှတ် ၁၆၅(က)၌ တောင်သူခုနစ်ဦး၏ လယ်မြေ ၁၀ ဧကတွင် ဖေဖော်ဝါရီ ၂၉ ရက်က တိုက်ရိုက်မျိုးစေ့ချကိရိယာဖြင့် နွေစပါးစုပေါင်းစိုက်ပျိုးပွဲ ကျင်းပသည်။



အခမ်းအနားတွင် သရက်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြတ်ထွန်းဦးက အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးမြင့်စိုးက တစ်ဧကတင်း ၁၅၀ ထွက်ရှိရေးအတွက် လိုက်နာကျင့်သုံးရမည့်နည်းပညာများကို ရှင်းလင်းဆွေးနွေးသည်။ ဆက်လက်၍ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ နှင့်တာဝန်ရှိသူများက တိုက်ရိုက်မျိုးစေ့ချ ကိရိယာဖြင့် ဆာဖိုးသာစပါး စုပေါင်းမျိုးစေ့ချ စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးသည်။

ကံမမြို့နယ်၌ ယခုနှစ်နွေစပါးရာသီတွင် မဒေးဆည်ရေသောက်ဧရိယာ အတွင်း ၁၆၇၇ ဧကနှင့် ခြောက်ထောင့်ဆိုလာလျှပ်စစ် ရေတင်ဧရိယာအတွင်း ၁၅၅ ဧက စုစုပေါင်း နွေစပါး ၁၈၃၂ ဧက အောင်မြင်အောင်စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

အောင်မြင့်(ပြန်/ဆက်)

❖ *ရှေ့ဖုံးမှ*

အဓိကသီးနှံများဖြစ်သော စပါး၊ ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာ၊ စက်မှု ကုန်ကြမ်းသီးနှံများဖြစ်သည့် ဝါ၊ ကြံ၊ ကော်ဖီနှင့် ပဲမျိုးစုံ၊ ပြောင်း စသည့်သီးနှံများကို သတ်မှတ် စိုက်ဧကပြည့်မီအောင် စိုက်ပျိုးသွားကြရန်လိုပါသည်။ ထို့ပြင် ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် မျိုး၊ မြေ၊ ရေ၊ နည်းတို့နှင့်ပတ်သက်၍ မျိုးကောင်းမျိုးသန့် သုံးစွဲရေး၊ မြေကို စနစ်တကျပြုပြင်ဆောင်ရွက်ရေး၊ အောင်ရေရရှိရေး၊ စိုက်နည်းစနစ်များ မှန်ကန်ရေးနှင့် သီးထပ်စိုက်ပျိုးမှုတို့ဖြင့် စိုက်ပျိုးသီးနှံများအားလုံး ပန်းတိုင်အထွက်နှုန်းရရှိအောင် စွမ်းဆောင်နိုင်ရေးသည် လွန်စွာအရေးပါကြောင်း တိုက်တွန်းမှာကြားလိုပါသည်။

စားရေရိက္ခာဖူလုံရေးနှင့် ပို့ကုန်ကဏ္ဍမြှင့်တင်ရေးအတွက် သီးနှံအလိုက် နှစ်စဉ်စီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိပြီး အဓိကကျသော သီးနှံအထွက်နှုန်းတိုးတက်ရေးကို တွန်းအားပေးဆောင်ရွက်လျက်ရှိပါသည်။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ယနေ့ထိ စပါးဧက (၁၇)သန်း၊ ပဲမျိုးစုံဧက (၁၀.၅၇) သန်း၊ ဆီထွက်သီးနှံဧက (၈.၂၄) သန်း၊ အစေ့ထုတ်ပြောင်းဧက (၁.၆)သန်းနှင့် ဝါသီးနှံဧက(၀.၅၂)သန်း စိုက်ပျိုးပြီးစီးခဲ့ပြီဖြစ်၍ သက်ဆိုင်ရာဌာနများနှင့် တောင်သူလယ်သမားကြီးများအား ကျေးဇူးတင်ကြောင်း ဖော်ပြအပ်ပါသည်။

လက်ရှိအချိန်တွင် စားသုံးဆီကို လိုအပ်သည်ထက် ပိုမိုစားသုံးနေကြသဖြင့် ပြည်သူအချို့မှာ ကျန်းမာရေးအရ ထိခိုက်မှုများရှိနေသလို တစ်ဖက်မှာလည်း ပြည်တွင်းလိုအပ်ချက်ကို ပြည်ပမှ မှာယူတင်သွင်းရမှုများ မြင့်တက်လျက်ရှိပါသည်။ စားသုံးဆီကို လိုသလောက်သာ သုံးစွဲခြင်းဖြင့် ကျန်းမာရေးကောင်းမွန်မှုကို အထောက်အကူပြုနိုင်မည်ဖြစ်သည့်အပြင် ပြည်တွင်းဆီထွက်သီးနှံများမှ ထုတ်လုပ်သော စားသုံးဆီဖြင့် လုံလောက်စေရန် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံခြားငွေ သုံးစွဲမှုကိုလည်း လျှော့ချစေနိုင်မည်ဖြစ်သောကြောင့် ဆီထွက်သီးနှံ တိုးမြှင့်ထုတ်လုပ်ရေးကို ကြိုးစားဆောင်ရွက်ကြရန် လိုအပ်ပါသည်။ နိုင်ငံတော်အနေဖြင့် ပြည်တွင်းစားသုံးဆီ ဖူလုံစွာ ထုတ်လုပ်နိုင်ရန် ဆီထွက်သီးနှံများ ဧကပြည့်စိုက်ပျိုးပြီး ပန်းတိုင်အထွက်နှုန်းရရှိအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

၎င်းအပြင် ချည်နှင့် ချည်ထွက်ပစ္စည်းတင်သွင်းမှု လျှော့ချနိုင်ရန်နှင့် ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ပြီး ပိုလျှံပါက ပြည်ပတင်ပို့နိုင်ရန်အတွက် ချည်မျှင်ရှည်ဝါသီးနှံ တစ်ဧကအထွက်နှုန်း တိုးတက်ရေး ဆောင်ရွက်ခြင်းနှင့် စိုက်ဧကတိုးချဲ့ပြီး (၅) နှစ်တာကာလအတွင်း မူလစိုက်ခဲ့ကြသည့် ဧက ၈ သိန်းပြည့်မီအောင် စီမံဆောင်ရွက်လျက်ရှိရာ ဝါတစ်ဧကအထွက်နှုန်း ပိဿာ (၇၀၀) ထွက်ရှိရေးနှင့် အရည်အသွေးကောင်း ဝါနှင့် ဝါဂွမ်းများရရှိရေးတို့ကို အဓိကရည်မှန်းဆောင်ရွက်လျက်ရှိရာ တောင်သူလယ်သမားကြီးများကလည်း ကြိုးစားဆောင်ရွက်ပေးကြစေလိုပါသည်။ ကော်ဖီစိုက်ပျိုးထုတ်လုပ်ခြင်းသည် ကမ္ဘာ့ဈေးကွက်တွင် သေချာသည့် နှစ်ရှည်စိုက်ပျိုးရေးလုပ်ငန်းတစ်ခုဖြစ်သည့်အတွက် စိတ်ပါဝင်စားသူများ၊ အရင်းနှီးတတ်နိုင်သည့် တိုင်းရင်းသားများအနေဖြင့် ရင်းနှီးလုပ်ကိုင်နိုင်ရန် ဖိတ်ခေါ်ပါသည်။ နိုင်ငံတော်အနေဖြင့် ကနဦး ဧက ၁ သိန်းစိုက်ပျိုးရန် လျာထားပါသည်။ ဆက်လက်၍ ဧက ၃ သိန်းအထိနှင့် နောင်တွင် ဧက ၁ သန်းအထိ စိုက်ပျိုးနိုင်ရေး မျှော်မှန်းဆောင်ရွက်နေပါသည်။

သီးနှံအလိုက် မျိုးကောင်းမျိုးသန့်များ အပြည့်အဝသုံးစွဲ စိုက်ပျိုးနိုင်ရေးအတွက် မိမိတို့နိုင်ငံအတွင်းတွင် မျိုးစေ့ထုတ်လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ကျယ်ကျယ်ပြန့်ပြန့် လေ့လာသိရှိနိုင်ရန်အတွက် ၂၀၁၉ ခုနှစ်မှစ၍ မျိုးစေ့ပြပွဲများကိုလည်း နှစ်စဉ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

ထို့အတူ တောင်သူများ၏ စိုက်ပျိုးရေးလုပ်ငန်းများတွင် အဓိကအရေးပါသော မြေယာပြုပြင်ခြင်း၊ ရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာ၌ စက်ကိရိယာများ အသုံးပြုနိုင်ရန် စီမံဆောင်ရွက်ပေးခြင်း၊ လယ်ယာသုံးစက်ကိရိယာများ စွမ်းအားပြည့် အသုံးပြုနိုင်ရေးအတွက် စနစ်တကျလယ်ယာမြေများဖော်ထုတ်ခြင်း၊ တောင်သူများ လုပ်ငန်းခွင်အဆင့်တိုင်း စက်ကိရိယာအသုံးပြုနိုင်ရန် လယ်ယာသုံးစက်ကိရိယာအမျိုးမျိုးကို ဖြန့်ဖြူးရောင်းချပေးခြင်း၊ အသုံးပြုနိုင်ရန် စီမံပေးခြင်းတို့ဖြင့် ခေတ်မီနည်းစနစ်များသုံးပြီး စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိပါသည်။

မိမိတို့နိုင်ငံအတွင်း စွမ်းအင်ဝန်ကြီးဌာနနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့ ညှိနှိုင်းပြီး ယူရီးယားဓာတ်မြေဩဇာများကို တောင်သူများအား ဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါသည်။ ၎င်းအပြင် သီးနှံအထွက်နှုန်း တိုးတက်ရေးအတွက် ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ ပေါင်းစပ်သုံးစွဲရေး ပညာပေးခြင်း၊ သဘာဝမြေဩဇာများ ဒေသအလိုက် ထုတ်လုပ်သုံးစွဲနိုင်ရေး နည်းပညာဖြန့်ဝေပေးခြင်း၊ သွင်းအားစုဈေးနှုန်းများ သက်သာစွာ ဝယ်ယူရရှိနိုင်ရေးအတွက် အစိုးရ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်ခြင်းတို့အပြင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်ပေးလျက်ရှိပါသည်။

လက်ရှိအချိန်၌ ကမ္ဘာတစ်ဝန်း ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များအရ စိုက်ပျိုးထားသောသီးနှံများ ရိတ်သိမ်းချိန်မတိုင်မီ ထိခိုက်ပျက်စီးမှုများရှိနေပြီး အဆိုပါဖြစ်စဉ်များကြောင့် စားရေရိက္ခာမလုံလောက်မှု အန္တရာယ်မှ ကျော်လွှားနိုင်ရေးနှင့် ရင်ဆိုင်တုံ့ပြန်နိုင်စွမ်း အားကောင်းရေးတို့ကို ကြိုတင်စဉ်းစားလုပ်ဆောင်ကြရန် လိုပါသည်။ နိုင်ငံတော်ကလည်း အရန်မျိုးစေ့များ စုဆောင်းထားရှိခြင်း၊ ကြိုတင်ပြင်ဆင်မှုများပြုလုပ်ခြင်း၊ သီးနှံပျက်စီးဧရိယာများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို တောင်သူလယ်သမားများ၏ အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ဥပဒေ၊ နည်းဥပဒေများ ပြဋ္ဌာန်းထားပြီး အထူးအလေးထား အားပေးကူညီဆောင်ရွက်လျက်ရှိပါသည်။

တစ်ဖက်မှာလည်း ပြောင်းလဲလာသည့် ရာသီဥတုနှင့်အညီ ရေကို အကျိုးရှိရှိ ထိရောက်စွာ အသုံးပြုနိုင်ရေးအတွက် ရေလိုအပ်ချက်နည်းသော သက်တမ်းတိုသီးနှံများ ပြောင်းလဲစိုက်ပျိုးခြင်း၊ ဒေသအခြေအနေပေါ်မူတည်၍ ဒေသနှင့်ကိုက်ညီသော သီးနှံနှင့် သီးနှံပုံစံများ ပြောင်းလဲစိုက်ပျိုးကြရမည်ဖြစ်ပါသည်။ ရေကို ချွေတာသုံးစွဲနိုင်သည့် ခေတ်မီရေသွင်းကိရိယာများ အသုံးပြုစိုက်ပျိုးခြင်း၊ ရေလိုအပ်မှုနည်းသည့်သီးနှံများ ပြောင်းလဲစိုက်ပျိုးခြင်း စသည့် ပညာပေးလုပ်ငန်းများ၊ သရုပ်ပြပွဲများ ဆောင်ရွက်ပေးလျက်ရှိပါသည်။

နိုင်ငံတော်အနေဖြင့် ရေရှားပါးမှု အခက်အခဲအား ဖြေရှင်းနိုင်ရန် ရေလှောင်တမံပေါင်း(၂၄၆)ခု၊ ရေလွှဲဆည် (၁၄၄)ခု၊ ရေကန် (၇၂)ခု၊ ရေတံခါး (၁၉၉) ခု၊ ရေတင်လုပ်ငန်း (၂၁၉) ခု၊ စုစုပေါင်း (၈၈၀) ခု ဆောင်ရွက်ပေးထားပြီး စိုက်ဧက (၃၁) သိန်းကျော်အား အကျိုးပြုလျက်ရှိပါသည်။ မြေအောက်ရေအရင်းအမြစ်များမှ စက်ရေတွင်း (၂၅၁၃) ခု တူးဖော်ခြင်း၊ ယာယီချောင်းပိတ်တမံများပြုလုပ်ပြီး ဆိုလာရေတင်စနစ်ဖြင့် ရေရရှိရေးဆောင်ရွက်ခြင်း၊ ပင်လယ်နှင့် ထိစပ်လျက်ရှိသော ဒေသများ၊ မြစ်ဝကျွန်းပေါ်ဒေသများနှင့် မြစ်ရေကြီးမှုဖြစ်ပေါ်လေ့ရှိသော ဒေသများတွင် ရေကြီးနစ်မြုပ်မှု၊ ပင်လယ်ရေငန်ဝင်ရောက်မှုမှ ကာကွယ်ရန် ရေငန်တားတာများ တည်ဆောက်ခြင်း၊ ရေဘေးကာကွယ်ရေးတာများ တည်ဆောက်ခြင်းတို့ဖြင့် စိုက်ပျိုးရေလုံလောက်စွာရရှိရေးနှင့် ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ရေးလုပ်ငန်းများကို နိုင်ငံတော်က ဆောင်ရွက်ပေးလျက်ရှိပါသည်။ ရေကို ထိရောက်စွာ အသုံးပြုရေးနှင့် အလေအလွင့်မရှိစေရေးအတွက် သတိပြုဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုပါသည်။

တောင်သူလယ်သမားကြီးများအနေဖြင့် သီးနှံများစိုက်ပျိုးထုတ်လုပ်မှု မြင့်မားလာစေရေးအတွက် အထွက်နှုန်းတိုးရေးနည်းလမ်းများဖြင့် ဆောင်ရွက်သည့်အပြင် စိုက်ဧကတိုးတက်စေရန် သီးထပ်၊ သီးညှပ် စိုက်ပျိုးခြင်းကိုပါ ဆောင်ရွက်ကြရပါမည်။ ထို့အတူ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများနှင့် အော်ဂဲနစ်စိုက်ပျိုးရေးကိုလည်း အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန် လိုအပ်ပါသည်။

သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးအတွက် ခေတ်မီစိုက်ပျိုးနည်းပညာများ၊ ရာသီဥတု၊ ဈေးကွက်နှင့် လယ်ယာကဏ္ဍဆိုင်ရာ သတင်းအချက်အလက်များကို **“တောင်သူလယ်သမားကဏ္ဍ ရုပ်သံလိုင်း”**၊ မြန်မာ့အသံရေဒီယိုမှ **“သုတပဒေသာ စိုက်ပျိုးနည်းပညာ အစီအစဉ်”**ဖြင့် ထုတ်လွှင့်ပေးခြင်း၊ သတင်းစာများ၊ ဂျာနယ်များ၊ ပညာပေးစာစောင်များ၊ လယ်ယာစီးပွားသတင်းစာစောင်များ ထုတ်ဝေပေးခြင်း၊ မိုဘိုင်းဖုန်းများမှတစ်ဆင့် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများကို ဖြန့်ဝေပေးခြင်း စသည်တို့ဖြင့် တောင်သူလယ်သမားများအားလုံး လေ့လာသိရှိနိုင်အောင် ဆောင်ရွက်ပေးလျက်ရှိပါသည်။

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ အရင်းမပျောက် မတည်ငွေဖြင့် ယခင်နှစ်က ပဲတီစိမ်းနှင့် နွေစပါးစီမံကိန်းကိုလည်းကောင်း၊ ယခုနှစ်တွင် မိုးစပါးစီမံကိန်းနှင့် ဆီထွက်သီးနှံစီမံကိန်းကိုလည်းကောင်း ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိပါသည်။ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်နယ်(၈)ခုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ/တိုင်း (၆) ခုကိုလည်းကောင်း၊ တိုင်းဒေသကြီး (၆) ခုကိုလည်းကောင်း အရင်းအနှီးများ မတည်ထောက်ပံ့ပေးပြီး စိုက်ပျိုးမွေးမြူရေးနှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးလျက်ရှိပါသည်။

မွေးမြူရေးနှင့်ပတ်သက်၍ နွားမျိုးကောင်းမျိုးသန့်များ ပြန့်ပွားစေရန် မေထုန်မဲ့သားစပ်လုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ မျိုးထိန်း၊ မျိုးပွားသုတေသနခြံများ တည်ထောင်ပြီး မျိုးဖြန့်ဖြူးပေးခြင်း၊ ကောင်းမွန်သော တိရစ္ဆာန်မွေးမြူရေးကျင့်စဉ်နှင့်အညီ မွေးမြူထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ပညာပေးခြင်း၊ ကာကွယ်ဆေးများ ထိုးနှံပေးခြင်း၊ ရောဂါဖြစ်ပွားမှုများအား ထိန်းချုပ်ခြင်း၊ ကုသခြင်း၊ မွေးမြူရေးဇုန်များ ဖော်ဆောင်ရန်စီမံခြင်းနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် နို့စားနွားမွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

နွားမွေးမြူရေးနှင့် ကျွဲမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်၍ နို့ထွက်ပစ္စည်းများကို ပြည်တွင်း၌ ဖူလုံအောင် ထုတ်လုပ်သွားရန် လိုအပ်ပါသည်။ မွေးမြူရေးကဏ္ဍကို မြှင့်တင်နိုင်ရေးအတွက် ကျွမ်းကျင်ပညာရှင်များ မွေးထုတ်နိုင်ရန် တိရစ္ဆာန်ဆေးကုသိပ္ပံသင်တန်းကျောင်းကို အင်းစိန်တွင် ၂၀၂၄ ခုနှစ်၊ မေလတွင် စတင်ဖွင့်လှစ်ရန် စီစဉ်ထားပါသည်။

အသားကဏ္ဍအနေဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် စိုက်ပျိုးမွေးမြူရေး မြစိမ်းရောင်စီမံကိန်းကိုလည်းကောင်း၊ အရင်းမပျောက် မတည်ထောက်ပံ့ငွေဖြင့် မွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ စီမံကိန်းကိုလည်းကောင်း ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါသည်။

ကျေးလက်ဒေသ ငါးကဏ္ဍဖွံ့ဖြိုးရေး မြစိမ်းရောင်ကျေးရွာ (ငါးကဏ္ဍ) စီမံကိန်းအစီအစဉ်ဖြင့် အရင်းမပျောက် မတည်ရင်းနှီးငွေထောက်ပံ့ဆောင်ရွက်ပေးလျက်ရှိရာ ထုတ်လုပ်မှု၏ ၉၀ ရာခိုင်နှုန်းခန့်ကို ပြည်တွင်း ငါးရိက္ခာလိုအပ်ချက်အတွက် ဖြည့်ဆည်းလျက်ရှိပြီး ကျန် ၁၀ ရာခိုင်နှုန်းကို ပြည်ပသို့ တင်ပို့နိုင်ခဲ့သဖြင့် နိုင်ငံခြားဝင်ငွေရရှိခဲ့ပါသည်။

ဒေသ၊ ရာသီဥတု၊ ဈေးကွက်လိုအပ်ချက်နှင့် ကိုက်ညီဖြစ်ထွန်းသည့် ငါးမျိုးများရရှိရေး၊ သဘာဝငါးမျိုး မသုဉ်းစေရေး၊ ငါးထွက်နှုန်း တိုးတက်စေရေး၊ မျိုးကောင်းမျိုးသန့် ငါးမျိုးများ ရေရှည်တည်တံ့စေရေးအတွက် ငါးသားပေါက်များကို စဉ်ဆက်မပြတ်ထုတ်လုပ်၍ မျိုးစိုက်ထည့်ခြင်းနှင့် ဖြန့်ဖြူးပေးခြင်း၊ ငါးမွေးကန်များ၏ ရေ၊ မြေ အရည်အသွေးစစ်ဆေးပေးခြင်း၊ ကျန်းမာရေးနှင့် ရောဂါထိန်းချုပ်ရေး ဆောင်ရွက်ပေးခြင်း၊ ငါးသားပေါက်များ ကျန်းမာရေးစစ်ဆေး ထောက်ခံချက် ထုတ်ပေးခြင်း စသည်တို့ဖြင့် နိုင်ငံတော်က ကူညီပံ့ပိုးပေးခဲ့ပါသည်။ မွေးမြူသူများအနေဖြင့် ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ်နှင့်အညီ လိုက်နာဆောင်ရွက်သွားကြရန် လိုအပ်ပါသည်။

နိဂုံးချုပ်အားဖြင့် မိမိတို့နိုင်ငံ၏ (၇၀)ရာခိုင်နှုန်းသော ကျေးလက်နေပြည်သူများတွင် အပါအဝင်ဖြစ်သော တောင်သူလယ်သမားများ၏ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများ တိုးတက်အောင်မြင်ပါက နိုင်ငံတစ်ဝန်းရှိ ပြည်သူများ စားဝတ်နေရေးနှင့် လူနေမှုဘဝတိုးတက်လာမည်ဖြစ်ပါသည်။ ပြည်တွင်းစားသုံးမှုဖူလုံရုံသာမက အခြားသော ကမ္ဘာ့နိုင်ငံအသီးသီးသို့ တင်ပို့နိုင်ခြင်းကြောင့် ဝင်ငွေများ တိုးတက်ရရှိလာပြီး နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍများတွင် ပါဝင်ဆောင်ရွက်နေကြသူများအားလုံးက ကောင်းမွန်သော အခြေခံစိတ်ဓာတ်ဖြင့် လုံ့လ၊ ဝီရိယပေါင်းစပ်၍ အဘက်ဘက်က အကျိုးရှိအောင် ဝိုင်းဝန်းလုပ်ဆောင်ပေးကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ**
**သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်**
**နိုင်ငံတော်ဝန်ကြီးချုပ်**
**ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

- **လက်ရှိအချိန်၌ ကမ္ဘာတစ်ဝန်း ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များအရ စိုက်ပျိုးထားသောသီးနှံများ ရိတ်သိမ်းချိန်မတိုင်မီ ထိခိုက်ပျက်စီးမှုများရှိနေပြီး အဆိုပါဖြစ်စဉ်များကြောင့် စားရေရိက္ခာမလုံလောက်မှုအန္တရာယ်မှ ကျော်လွှားနိုင်ရေးနှင့် ရင်ဆိုင်တုံ့ပြန်နိုင်စွမ်း အားကောင်းရေးတို့ကို ကြိုတင်စဉ်းစားလုပ်ဆောင်ကြရန်လို**
- **နိုင်ငံတော်ကလည်း အရန်မျိုးစေ့များ စုဆောင်းထားရှိခြင်း၊ ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ခြင်း၊ သီးနှံပျက်စီးဧရိယာများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို တောင်သူလယ်သမားများ၏ အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ဥပဒေ၊ နည်းဥပဒေများပြဋ္ဌာန်းထားပြီး အထူးအလေးထား အားပေးကူညီဆောင်ရွက်လျက်ရှိ**





# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ ၂၀၂၃-၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ဘိလိယက်နှင့် စနူကာပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားတက်ရောက်

**နေပြည်တော် မတ် ၁**

၂၀၂၃-၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဘိလိယက်နှင့် စနူကာပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ ဘိလိယက်နှင့် စနူကာအားကစားရုံ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်ဒွဲဘူ၊ ပိုးရယ်အောင်သိန်း၊ ဒေါက်တာမှုထန်၊ ဒေါက်တာဘရှေ၊ ခွန်စံလွင်၊ ဦးရွှေကြိမ်းနှင့် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

**ကြည့်ရှုအားပေး**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များသည် "၂၀၂၃-၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဘိလိယက်နှင့် စနူကာပြိုင်ပွဲ ဗိုလ်လုပွဲ" ပွဲစဉ်များအဖြစ် စနူကာ 15 – Red အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၊ စနူကာ 6 – Red အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၊ 9 Ball Pool အမျိုးသား တစ်ဦးချင်းပြိုင်ပွဲနှင့် 9 Ball Pool အမျိုးသမီးတစ်ဦးချင်း ပြိုင်ပွဲ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။ **(အပေါ်ပုံ)**

**ပေးအပ်ချီးမြှင့်**

ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက 9 Ball Pool အမျိုးသားပြိုင်ပွဲနှင့် အမျိုးသမီးပြိုင်ပွဲတွင် အကောင်းဆုံး အားကစားသမားဆုရရှိကြသူများကို ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။



ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ဘိလိယက်အမှတ် အများဆုံးဆု၊ စနူကာ 15–Red အမှတ်အများဆုံးဆုနှင့် စနူကာ 15–Red အတိုးတက်ဆုံးဆုရရှိကြသူများကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုးက ဘိလိယက်နှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က အမျိုးသမီး 9 Ball Pool နှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဦးရန်ကျော်က အမျိုးသား 9 Ball Pool နှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယ ဆုရရှိကြသူများကို လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဦးရွှေကြိမ်းက ဘိလိယက်တစ်ဦးချင်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများကို လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ခွန်စံလွင်က အမျိုးသမီး 9 Ball Pool တစ်ဦးချင်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယ ဆုရရှိကြသူများကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါက်တာဘရှေက အမျိုးသား 9 Ball Pool တစ်ဦးချင်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယ ဆုရရှိကြသူများကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါက်တာမှုထန်က စနူကာ 6– Red တစ်ဦးချင်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိကြသူများကို လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ပိုးရယ်အောင်သိန်းက စနူကာ 15–Red တစ်ဦးချင်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယ ဆုရရှိကြသူများကို လည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါ်ဒွဲဘူက စုပေါင်းတံခွန်စိုက်ဆုဖလားရရှိသည့် ဧရာဝတီတိုင်းဒေသကြီးအသင်းကို တံခွန်စိုက်ဆုဖလား ပေးအပ်သည်။ **(ဝဲပုံ)**

၂၀၂၃-၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဘိလိယက်နှင့် စနူကာပြိုင်ပွဲကို ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ အမျိုးသားအသင်း ၁၃ သင်းနှင့် အမျိုးသမီးအသင်း ၁၀ သင်းဖြင့် ဖေဖော်ဝါရီ ၂၄ ရက်မှ မတ် ၁ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

❒ *ရွှေဖုံးမှ*

ကမ်းခြေမှာ လူများတာမကြိုက်တဲ့သူတွေ၊ မိသားစုတွေပဲ လာကြတာ။ ပိတ်ရက်တွေလာလည်သူတွေများတော့စားသောက်ဆိုင်တွေ ပိုရောင်းရတာပေါ့။ ကမ်းခြေကတော့ လပြည့်၊ လကွယ်လို ရက်တွေဆို ရေပိုများတယ်"ဟု အဆိုပါကမ်းခြေတွင် စားသောက်ဆိုင်ဖွင့်လှစ်ရောင်းချနေသူ တစ်ဦးက ပြောသည်။

ကမ်းခြေသို့လာရောက်လည်ပတ်ကြရာတွင် နေ့ချင်းပြန်ခရီး လာရောက်လည်ပတ်မှုများလည်းရှိသကဲ့သို့ ကမ်းခြေအနီးရှိ ဘန်ဂလိုများတွင် တည်းခို၍ ညအိပ်ခရီးစဉ် လာရောက်လည်ပတ်မှုများလည်းရှိနေကြောင်း သိရသည်။

"လာရောက် လည်ပတ်ကြတဲ့အခါ နေ့ချင်းပြန်ခရီးအနေနဲ့လည်း လာရောက်လည်ပတ်တာလည်းရှိတယ်။ တချို့ကျတော့ ကမ်းခြေအနီးက ဘန်ဂလိုမှာ တည်းခိုပြီး အေးအေးဆေးဆေးနဲ့ လာရောက် လည်ပတ်ကြတာမျိုးလည်း ရှိတာပေါ့။ ဘန်ဂလိုဈေးနှုန်းတွေကလည်း သောင်းဂဏန်းလောက်ပဲရှိတယ်" ဟု ဒေသခံတစ်ဦးက ပြောကြားသည်။

ရန်ကုန်မြို့နှင့် အနီးဆုံးပင်လယ်ကမ်းခြေတစ်ခုဖြစ်သော အများပြည်သူ အပန်းဖြေနိုင်သည့် နေရာတစ်ခုဖြစ်သည့် ဆယ်အိမ်တန်းကျေးရွာရှိ ဆယ်အိမ်တန်းကမ်းခြေသို့ မော်တော်ကားများ၊ အငှားယာဉ်များ အစရှိသော သယ်ယူပို့ဆောင်ရေး ယာဉ်များဖြင့် လာရောက်လည်ပတ်ကြခြင်းဖြစ်ကြောင်း သိရသည်။

**MT**

## ထိုင်းဘုရင့်ရေတပ်မှ စစ်ရေယာဉ် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရန်ကုန်မြို့သို့ရောက်ရှိ

**နေပြည်တော် မတ် ၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ထိုင်းဘုရင့်ရေတပ်မှ စစ်ရေယာဉ် HTMS Prachuap Khiri Khan(OPV–552) သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းသို့ရောက်ရှိရာ တပ်မတော်(ရေ)မှအရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များနှင့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းရေတပ်စစ်သံမှူးတို့က ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါစစ်ရေယာဉ်အား အဖွဲ့ခေါင်းဆောင်ဖြစ်သူ ထိုင်းဘုရင့်ရေတပ် 3rd Naval Area Command မှ Chief of Staff ဖြစ်သူ Rear Admiral Pongmit Narongkul ဦးဆောင်၍ ချစ်ကြည်ရေးခရီးအဖြစ် လာရောက်ခြင်းဖြစ်ပြီး ရန်ကုန်မြို့တွင် မတ် ၃ ရက်အထိ သုံးရက်ကြာ



နေထိုင်၍ အထင်ကရနေရာများသို့ သွားရောက်လေ့လာ လည်ပတ်ခြင်းနှင့် နှစ်နိုင်ငံရေတပ်ချစ်ကြည်ရေးအားကစားပြိုင်ပွဲများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ၂၀၂၄ ခုနှစ် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲသို့ တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများချီးမြှင့်



**နေပြည်တော် မတ် ၁**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် ဝန်ထမ်းများ မြန်မာ့ရိုးရာဓလေ့များကို ထိန်းသိမ်းတန်ဖိုးထားတတ်စေရန်၊ ကြိုတင်ပြင်ဆင်မှုနှင့် စုပေါင်းဆောင်ရွက်မှုအလေ့အကျင့်ကောင်းများရရှိစေရန်၊ လုပ်ငန်းခွင်အတွင်း စည်းလုံးညီညွတ်ပျော်ရွှင်စွာဖြင့် ကြိုးစားယှဉ်ပြိုင်ကြရန် ရည်ရွယ်ချက်များဖြင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ၂၀၂၄ ခုနှစ် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို ယနေ့ညနေပိုင်းတွင် အဆိုပါဝန်ကြီးဌာန၌ ကျင်းပရာ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် ဒေါ်သန်းသန်းလင်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အရာထမ်း၊ အမှုထမ်းများ ပျော်ရွှင်စွာ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် ဒေါ်သန်းသန်းလင်း၊ ဌာနဆိုင်ရာအကြီးအကဲများသည် ပြည်ထောင်စုဝန်ကြီးရုံးနှင့် လက်အောက်ဌာနများမှ ပြိုင်ပွဲဝင်အသင်း ၁၄ သင်းတို့၏ စည်းလုံးညီညွတ်စွာဖြင့် တပျော်တပါး စုပေါင်းထမနဲထိုးယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြပြီး ဆုရရှိကြသည့်အသင်းများကို ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲ ကျင်းပ



**ရန်ကုန် မတ် ၁**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး မိသားစုများ၏ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်ရုံး အဆောက်အဦ အမှတ် (၁) သုံးထပ်ဆောင်ရှေ့ လေဟာပြင်၌ ကျင်းပရာ ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်နှင့် ယခင်ကော်မရှင်ဥက္ကဋ္ဌ တာဝန်ထမ်းဆောင်ခဲ့ကြသော သံအမတ်ကြီး (ငြိမ်း) ဦးဝင်းမြ၊ သံအမတ်ကြီး(ငြိမ်း) ဦးလှမြင့်၊ ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ကော်မရှင်ရုံး အရာထမ်း/ အမှုထမ်း မိသားစုများ တက်ရောက်ဆင်နွှဲကြသည်။

ထမနဲထိုးပြိုင်ပွဲတွင် ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က ထမနဲပွဲသည် စည်းလုံးညီညွတ်ခြင်း၏ သင်္ကေတဖြစ်သကဲ့သို့ ထမနဲ၏ အရသာကောင်းခြင်းသည် စည်းလုံးညီညွတ်ခြင်း၏ ပြယုဂ်ဖြစ်စေသည်ဟု ရှေးလူကြီးများ ဆိုစကားရှိခဲ့ကြောင်း၊ ယနေ့ထမနဲထိုးပြိုင်ပွဲသည်လည်း ကော်မရှင်ဝန်ထမ်းများ၊ မိသားစုများ ချစ်ခင်စည်းလုံးညီညွတ်မှုများ တိုးတက်ရရှိစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ထမနဲထိုးပြိုင်ပွဲကို ကော်မရှင်ရုံးဌာန ခြောက်ခုမှ အရာထမ်း၊ အမှုထမ်းများဖြင့် ဖွဲ့စည်းထားသော အသင်းများက သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ယှဉ်ပြိုင်ကြရာ ကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဝန်ထမ်းမိသားစုများက အားပေးကြပြီး ပြိုင်ပွဲအပြီးတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသော အသင်းများကို ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ရောဝတီတံတား( မကွေး ) ရေလမ်း ပြောင်းလဲမည်

**နေပြည်တော် မတ် ၁**

ရောဝတီတံတား(မကွေး)ရေလမ်းတွင် ရေယာဉ်များ ဖြတ်သန်းသွားလာရန် အစုန်၊ အဆန်ရေလမ်းအဖြစ် ရေလယ်တိုင်အမှတ်(၁၇)နှင့်(၁၈)အကြားတွင် သတ်မှတ်ပေးထားပါသည်။ ယခုအခါ ရေကြောင်းရေလမ်းအခြေအနေအရ တံတားရေလမ်းကြောင်းကို ၂၀၂၄ ခုနှစ် မတ် ၄ ရက်မှစ၍ အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၁၇)နှင့်(၁၈) အကြားမှလည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၁၆)နှင့်(၁၇)အကြားမှလည်းကောင်း ပြောင်းလဲဖွင့်လှစ်မည်ဖြစ်သည်။

ပြောင်းလဲမည့် ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ မီတာ ၁၁၀ ရှိပြီး ကင်းလွတ်အမြင့်မှာ အမြင့်ဆုံး ရေမျက်နှာပြင်အထက် ၁၇ မီတာရှိသည်။ ရေယာဉ်များ ဖြတ်သန်းရမည့် ဝင်ပေါက်တွင် နေ့အခါ အစိမ်းရောင် တြိဂံအမှတ်အသားပြသ၍ ညအခါ မီးစိမ်းထွန်းပြသထားမည်။ မဝင်ရမည့် ရေလမ်းတွင် နေ့အခါ အနီရောင်ကြက်ခြေခတ်အမှတ်အသားပြသ၍ ညအခါ မီးနီထွန်းပြသထားမည်။

တံတားတိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ၁၅ ပေခန့် ထိုးထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင်နှစ်ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုရန်နှင့် တွဲတွန်းရေယာဉ်များ တစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် **ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**မှ ရေလမ်းသတိပေးနှိုးဆော်ချက် သတင်းထုတ်ပြန်ထားသည်။

**သတင်းစဉ်**

## ဂျပန်ကုမ္ပဏီ ၃၇၀ က မြန်မာလုပ်သား ၁၃၀၀ ကျော် ခေါ်ယူမည်

**ရန်ကုန် မတ် ၁**

ဂျပန်ကုမ္ပဏီ ၃၇၀ က မြန်မာအလုပ်သမား ဦးရေ ၁၃၀၀ ကျော် ခေါ်ယူမည်ဖြစ်ကြောင်း ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံရုံးက ဖေဖော်ဝါရီ ၂၉ ရက်တွင် ထုတ်ပြန်လိုက်သည်။

မြန်မာသံရုံး တိုကျိုမြို့မှ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်မှ ၂၉ ရက်အတွင်း စိစစ်ပြီး နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ပေးပို့ပြန်ကြားခဲ့သည့် အလုပ်ကမ်းလှမ်းစာ ၃၇၀ နှင့် ပတ်သက်သည့် အချက်အလက်များအား အသိပေးအကြောင်းကြားရာတွင် ဖော်ပြထားသော အချက်အလက်များအရ သိရသည်။

အဆိုပါထုတ်ပြန်ချက်အရ ဂျပန်ကုမ္ပဏီ ၃၇၀ က မြန်မာအလုပ်သမား အမျိုးသား ၄၀၀ ကျော်၊ အမျိုးသမီး ၈၀၀ ကျော် စုစုပေါင်း ဦးရေ ၁၃၀၀ ကျော် ခေါ်ယူမည်ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါထုတ်ပြန်ချက်အရ မြန်မာသံရုံး တိုကျိုမြို့အနေဖြင့် အလုပ်သမားဝန်ကြီးဌာနက နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ပေးပို့လာသည့် အလုပ်ကမ်းလှမ်းစာ (Demand Letter) များကို အချိန်နှင့်တစ်ပြေးညီ စိစစ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ စိစစ်ဆောင်ရွက်ရာတွင် ဂျပန်နိုင်ငံရှိ အလုပ်သမားကြီးကြပ်ရေးကုမ္ပဏီနှင့် အလုပ်ခေါ်ယူသည့် စက်ရုံ/ ကုမ္ပဏီများသည် ဂျပန်နိုင်ငံတွင် တရားဝင်တည်ထောင်ထားခြင်း ရှိ/ မရှိ စာရွက်စာတမ်းအထောက်အထားများ စိစစ်ပြီး စိစစ်တွေ့ရှိချက်များ၊ သဘောထားမှတ်ချက်များကို နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် အလုပ်သမားဝန်ကြီးဌာနသို့ ပြန်လည်ပေးပို့လျက်ရှိကြောင်း သိရသည်။

ပြီးခဲ့သည့် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ဖေဖော်ဝါရီ ၁၅ရက်အတွင်းကလည်း စိစစ်ပြီး နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ပေးပို့ပြန်ကြားခဲ့သည့် အလုပ်ကမ်းလှမ်းစာ ၃၀၀ ကျော်က မြန်မာစုစုပေါင်း ဦးရေ ၉၀၀ ကျော် ခေါ်ယူမည်ဖြစ်ကြောင်း သံရုံး၏ထုတ်ပြန်ချက်အရ သိရသည်။ **MT**

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော် မတ် ၁**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**



ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်အတွင်း အိမ်သုံးမီတာများ ပိုဖတ်၊ လိုဖတ်မရှိစေရေးနှင့် မီတာပြယူနစ်များ မှန်ကန်စေရေးအတွက် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးဇင်ဖြိုးနွေဦးနှင့် ဝန်ထမ်းများက မတ် ၁ ရက်မှစ၍ အိမ်တိုင်ရာရောက် ကွင်းဆင်းဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)

# သောကြာနေ့စကားဝိုင်း (Friday Talk) အမှတ်စဉ် (၄၈) အဖြစ် ရပ်ဝန်းနှင့် ပိုးလမ်းမ စီမံကိန်းနိုင်ငံများအတွက် တောင်သူပညာပေး ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့မှုနှင့်စပ်လျဉ်း၍ အသိပညာမျှဝေ ဆွေးနွေး

**နေပြည်တော် မတ် ၁**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ဝန်ထမ်းများ၏ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဝန်ထမ်းစွမ်းဆောင်ရည် မြှင့်တင်ရန် ရည်ရွယ်သည့် Knowledge Sharing Programme (KSP) သောကြာနေ့စကားဝိုင်း (Friday Talk) ၏ အမှတ်စဉ် (၄၈) ဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါ ဝန်ကြီးဌာန၌ ကျင်းပပြုလုပ်သည်။

ဆွေးနွေးပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူး ချုပ်များနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြပြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန ရုံးချုပ်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဦးစီးမှူးရုံးများမှ တာဝန်ရှိသူများက Online ဖြင့် တက်ရောက်ကြသည်။

**လူမှုစီးပွားတိုးတက်ရေး**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယနေ့ တင်ပြဆွေးနွေးမည့် ခေါင်းစဉ်တွင်ပါဝင်သော ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းနိုင်ငံများ အတွက် တောင်သူပညာပေး ဆိုင်ရာ အကြောင်းအရာသည် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၏ လယ်ယာထွက်ကုန်တိုးတက်ရေး အတွက် ဆောင်ရွက်ချက်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေး ဆိုင်ရာလုပ်ငန်းစဉ်များ ဖြစ်သဖြင့် မိမိတို့အနေဖြင့် သိသင့်သိထိုက်သော အကြောင်းအရာများဖြစ်ကြောင်း၊ ၁၉၈၀ ပြည့်နှစ်နောက်ပိုင်းတွင် လယ်ယာဏ္ဍာ ဖွံ့ဖြိုးတိုးတက်ရေး ပြုပြင်ပြောင်းလဲမှုသည် ကျေးလက်နေ တောင်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုး တိုးတက်ရေးအတွက် အဓိကဖြစ်လာကြောင်း၊ မိမိတို့ နိုင်ငံတွင်လည်း တောင်သူ လယ်သမားများနှင့်စပ်လျဉ်းသော ပြုပြင် ပြောင်းလဲမှုဆိုင်ရာ အစီအစဉ်များကို ပြုလုပ်နေသဖြင့် ယခု ဆွေးနွေးမျှဝေသည့် အကြောင်းအရာများကို ဝန်ထမ်းများ သိရှိရန်လိုအပ်ကြောင်းနှင့် တက်ရောက်လာကြသူများ အနေဖြင့် စိတ်ပါဝင်စားစွာ ပါဝင်ဆွေးနွေးသွားကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။





**ဆွေးနွေးပြောကြား**

ဆက်လက်၍ ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးရုံး ပြည်တွင်း၊ ပြည်ပဆက်ဆံရေးနှင့်သတင်းပြန်ကြားရေးဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာအိအိဌေးက "ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်း နိုင်ငံများအတွက် တောင်သူပညာပေးဆွေးနွေးပွဲသို့ တက်ရောက်ခဲ့မှုနှင့် စပ်လျဉ်း၍ အသိပညာမျှဝေဆွေးနွေးခြင်း" အကြောင်းအရာနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ဖြည့်စွက်ဆွေးနွေးကြပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့၏(၁၃)ကြိမ်မြောက်အစည်းအဝေးသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

**နေပြည်တော် မတ် ၁**

လာအိုပြည်သူ့ ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့တွင် ဖေဖော်ဝါရီ ၂၇ ရက်မှ ၂၉ ရက်အထိ ကျင်းပခဲ့သည့် အာဆီယံ အသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက် ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ (၁၃) ကြိမ်မြောက် အစည်းအဝေးသို့ နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။



(၁၃) ကြိမ်မြောက် အစည်းအဝေး မတိုင်မီ အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့၏ အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေး အသိုက်အဝန်းနှင့်စပ်လျဉ်းသည့် မဟာဗျူဟာစီမံချက် မူကြမ်းရေးဆွဲရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ကျင်းပခဲ့သည်။

အစည်းအဝေးကို အာဆီယံဥက္ကဋ္ဌဖြစ်သည့် လာအိုပြည်သူ့ ဒီမိုကရက်တစ် သမ္မတနိုင်ငံ ထင်ပေါ်ကျော်ကြားပုဂ္ဂိုလ် Mr. Chatoulong Bouasisavath နှင့် အာဆီယံအသိုက်အဝန်း မျှော်မှန်းချက်စာတမ်း ရေးဆွဲရေးဆိုင်ရာ အမြဲတမ်း ဦးဆောင်အဖွဲ့ဝင် မလေးရှားနိုင်ငံ၏ ထင်ပေါ် ကျော်ကြားပုဂ္ဂိုလ်နှင့် အငြိမ်းစား သံအမတ်ကြီး Mr. Dato Zainuddin Yahya တို့က ပူးတွဲဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ကြပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် လေ့လာသူ တီမောလက်စ်တေနိုင်ငံတို့မှ ထင်ပေါ်ကျော်ကြား ပုဂ္ဂိုလ်များ၊ အဆင့်မြင့်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ဒုတိယ အတွင်းရေးမှူးချုပ်နှင့် ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

ဒုတိယဝန်ကြီးက အစည်းအဝေး လက်ခံကျင်းပခြင်းအတွက် ပူးတွဲဥက္ကဋ္ဌများကို ကျေးဇူးတင်ရှိကြောင်း၊ အာဆီယံအသိုက်အဝန်း မျှော်မှန်းချက် ၂၀၄၅ ၏ အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေး အသိုက်အဝန်းဆိုင်ရာ မဟာဗျူဟာစီမံချက် မူကြမ်းရေးဆွဲရေးတွင် တိုးတက်မှုများ ရရှိရေး ကြိုးပမ်း ဆောင်ရွက်ခဲ့ကြသည့် အဆင့်မြင့်ကိုယ်စားလှယ်များကို ချီးကျူးပါကြောင်း ပြောကြားပြီး အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေး အသိုက်အဝန်းဆိုင်ရာ မဟာဗျူဟာစီမံချက် ရေးဆွဲရာတွင် ဖွဲ့စည်းမှုပုံစံ၊ ဆောင်ရွက်မည့်နည်းလမ်းနှင့် အာဆီယံအဖွဲ့အစည်း ပိုမိုခိုင်မာအားကောင်းရေးဆိုင်ရာ မဟာဗျူဟာ လုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ရန် သင့်လျော်သည့် မဏ္ဍိုင် သတ်မှတ်ရေးတို့အပေါ် ဆွေးနွေးခဲ့သည်။ ထို့နောက် မဏ္ဍိုင် (၃)ရပ်လုံးနှင့် သက်ဆိုင်သည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ စီးပွားရေး ပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့ (HLTF-EI)နှင့် အာဆီယံလူမှု-ယဉ်ကျေးမှု အသိုက်အဝန်းမဏ္ဍိုင် (Committee for the ASEAN Socio-Cultural Community) တို့နှင့် ဆွေးနွေးတိုင်ပင်ခြင်းဖြင့် ယင်းလုပ်ငန်းစဉ်များကို သင့်လျော်သည့် ကဏ္ဍတွင် ထည့်သွင်းရေး အကြံပြုဆွေးနွေးခဲ့ပြီး အနာဂတ်တွင် ပိုမိုတိုးတက်ကောင်းမွန်သည့် အာဆီယံဖြစ်ပေါ်လာရေးအတွက် လူငယ်၊ အမျိုးသမီးအဖွဲ့အစည်းများ၊ စီးပွားရေးအဖွဲ့အစည်းနှင့် ပညာရှင်များနှင့် တွေ့ဆုံမှုကို စဉ်ဆက်မပြတ် ဆောင်ရွက်ရန် အရေးကြီးကြောင်း အလေးပေး ပြောကြားသည်။

အစည်းအဝေးတွင် အာဆီယံ အသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက် ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့် ကိုယ်စားလှယ်များ ညှိနှိုင်းအစည်းအဝေးမှ တင်ပြသည့် အကြံပြုချက်များအပေါ် ဆွေးနွေးအမြင်ချင်း ဖလှယ်ခဲ့ကြပြီး အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အနေဖြင့် (၁၄) ကြိမ်မြောက် အစည်းအဝေးမတိုင်မီ အာဆီယံ နိုင်ငံရေးနှင့် လုံခြုံရေး အသိုက်အဝန်းဆိုင်ရာ မဟာဗျူဟာစီမံချက်မူကြမ်း ပထမအကြိမ်ရေးဆွဲမှုကို အွန်လိုင်းမှ တစ်ဆင့် ညှိနှိုင်းဆောင်ရွက်ရန် တာဝန်ပေးအပ်ခဲ့သည်။

အစည်းအဝေးကာလအတွင်း ဖေဖော်ဝါရီ ၂၈ ရက်တွင် ဒုတိယဝန်ကြီးသည် မြန်မာနိုင်ငံဆိုင်ရာ အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ် Mr. Alounkeo Kittikhoun နှင့် လာအိုပြည်သူ့ ဒီမိုကရက်တစ် သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Phoxay Khaykhamphithoune တို့နှင့် သီးခြားစီတွေ့ဆုံခဲ့ပြီး အာဆီယံတွင် မြန်မာနိုင်ငံ၏ ပူးပေါင်းဆောင်ရွက်မှုများနှင့် မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံအကြား အပြန်အလှန် စိတ်ဝင်စားမှုရှိသည့် ကဏ္ဍများတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# ကျောက်တံခါး၌ ဆောင်းသီးနှံ ပဲတီစိမ်းနှင့် မတ်ပဲလျာထားချက်ထက်ကျော်လွန်အောင် စိုက်ပျိုးနိုင်ရေးဆောင်ရွက်

**ကျောက်တံခါး မတ် ၁**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်၌ ဆောင်းသီးနှံဖြစ်သည့် ပဲတီစိမ်းနှင့် မတ်ပဲအား လျာထားချက်ထက် ပြည့်မီကျော်လွန်အောင် စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညွန့်ဆွေနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီတာဝန်ရှိသူ အဖွဲ့ဝင်များနှင့် ဝန်ထမ်းများသည် ယမန်နေ့က ခင်တိုကျေးရွာ ကွင်းအမှတ်(၅)(ဂ) တောင်သူဒေါ်ရီ၏ ပဲတီစိမ်းစိုက်ခင်းနှင့် ရင်းတိုက်ကုန်ကျေးရွာ ကွင်းအမှတ်(၅၆)(က)တောင်သူ ဦးဝင်းဇော်၏ မတ်ပဲစိုက်ကွင်းသို့ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ကျောက်တံခါးမြို့နယ်၌ ၂၀၂၃-၂၀၂၄ ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ တစ်မြို့နယ်လုံး ပဲမျိုးစုံသီးနှံစိုက်ဧက ၁၅၁၄၁၂ ဧက စိုက်ပျိုးရန် လျာထားပြီး ပဲတီစိမ်း ၈၄၄၂၁ ဧကနှင့် မတ်ပဲ ၆၅၈၈၈ ဧက စိုက်ပျိုးပြီးစီး၍ စိုက်ပျိုးဧကများ ပြည့်မီကျော်လွန်စိုက်ပျိုးနိုင်ရန် ကြိုးစားစိုက်ပျိုးလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# တရားရေးအရာရှိကြီးများ မွမ်းမံသင်တန်းအမှတ်စဉ် (၁/၂၀၂၄)သင်တန်းဆင်းပွဲအခမ်းအနားကျင်းပ

**နေပြည်တော် မတ် ၁**

တရားရေးအရာရှိကြီးများ မွမ်းမံသင်တန်းအမှတ်စဉ် (၁/၂၀၂၄) သင်တန်းဆင်းပွဲ အခမ်းအနားကို ယမန်နေ့မွန်းလွဲ ၃ နာရီတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားသည်။**(ယာပုံ)**



သင်တန်းဆင်းပွဲသို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ လက်ထောက်အတွင်းဝန်၊ ညွှန်ကြားရေးမှူးများနှင့် သင်တန်းသား သင်တန်းသူ ၁၁ ဦး တက်ရောက်ကြသည်။

အဆိုပါသင်တန်းကာလမှာ ဇန်နဝါရီ ၁ ရက်မှ ဖေဖော်ဝါရီ ၂၉ရက်အထိ ရက်သတ္တပတ်ရှစ်ပတ်ကြာမြင့်ကြောင်းနှင့်သင်တန်းသို့ ခရိုင်တရားသူကြီး၊ တွဲဖက်ခရိုင်တရားသူကြီးနှင့် ဒုတိယညွှန်ကြားရေးမှူးအဆင့်ရှိ တရားသူကြီးများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# တောင်သူလယ်သမားနေ့ကိုဂုဏ်ပြု စိုက်ပျိုးရေးကဏ္ဍလှုပ်ရှားမှု ရက်သတ္တပတ်ဆောင်ရွက်မှုအနေဖြင့်“မျိုးစေ့ပြပွဲ ၂၀၂၄” ဖွင့်ပွဲ ကျင်းပ

**နေပြည်တော် မတ် ၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုသောအားဖြင့် စိုက်ပျိုးရေးကဏ္ဍလှုပ်ရှားမှု ရက်သတ္တပတ် အစီအစဉ်များကို ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပျဉ်းမနားမြို့ စိုက်ပျိုးရေးသိပ္ပံကျောင်းဝင်း၌ “မျိုးစေ့ပြပွဲ ၂၀၂၄” (Seed Fair 2024) ဖွင့်ပွဲ အခမ်းအနားကို ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးမင်းနောင်နှင့် ဦးထွန်းအုံ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ စိုက်ပျိုးရေးတက္ကသိုလ်နှင့်မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်တို့မှ ပါမောက္ခချုပ်များ၊ လယ်ယာကဏ္ဍဆိုင်ရာ အဖွဲ့အစည်းများနှင့် မျိုးစေ့ကုမ္ပဏီများမှ ကိုယ်စားလှယ်များ၊ မျိုးစေ့ထုတ် အသင်းအဖွဲ့များ၊ နေပြည်တော်ကောင်စီနယ်မြေမြို့နယ်များမှ တောင်သူလယ်သမားများနှင့် မျိုးစေ့ထုတ်လုပ် တင်သွင်းဖြန့်ဖြူး ရောင်းချသူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က မျိုးစေ့ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးသည့်အနေဖြင့် ပုဂ္ဂလိကအခန်းကဏ္ဍမှ ရင်းနှီးမြှုပ်နှံလိုသူများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ထောက်ခံချက်ဖြင့် နိုင်ငံသားပိုင်ကုမ္ပဏီများသာမက နိုင်ငံခြားသားကုမ္ပဏီများပါ ၁၀၀ ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံမှုကို ဆောင်ရွက်နေနိုင်ကြပြီဖြစ်ကြောင်း၊ နိုင်ငံ့အကျိုး၊ တောင်သူလယ်သမားများ အကျိုးကို ရှေးရှုပြီး မျိုးစေ့ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို သက်ဆိုင်ရာဌာနများ၊ ပညာရှင်များနှင့်ပုဂ္ဂလိကကဏ္ဍများအားလုံး ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြစေလိုကြောင်း၊ မျိုးစေ့ထုတ်လုပ်၊ တင်သွင်း၊ ဖြန့်ဖြူးခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြသည့် အဖွဲ့အစည်းများ၊ ပုဂ္ဂလိက ကုမ္ပဏီများအနေဖြင့်လည်း တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ပြီး မိမိတို့၏မျိုးစေ့ထုတ်လုပ်ငန်းများ ရေရှည်တည်တံ့စေရန်နှင့် စံချိန်စံညွှန်း ကိုက်ညီပြီး ဒေသအလိုက် အောင်မြင်ဖြစ်ထွန်းမှုရှိသော အရည်အသွေးကောင်း မျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးသွားကြခြင်းဖြင့် မျိုးစေ့ထုတ်လုပ်သူများနှင့် သုံးစွဲသူ တောင်သူလယ်သမားများ နှစ်ဦး နှစ်ဖက် အကျိုးဖြစ်ထွန်းကြစေရေး ဦးတည်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲတင့်ထွန်းက ပြပွဲကျင်းပခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာကြသူများသည် မျိုးစေ့ကုမ္ပဏီများ၊ မျိုးစေ့ထုတ် အသင်းအဖွဲ့များက ခင်းကျင်းပြသထားသည့် ပြခန်းများ၊ သီးနှံမျိုးနမူနာများ စမ်းသပ်စိုက်ပျိုးထားသည့် စိုက်ကွင်းများ၊ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်း (GAP) စံပြစိုက်ခင်းများကို လှည့်လည်ကြည့်ရှုကြသည်။**(ဝဲပုံ)**

ယခုကျင်းပလျက်ရှိသည့် “မျိုးစေ့ပြပွဲ ၂၀၂၄” (Seed Fair 2024) ကို မတ် ၁ ရက် မှ ၃ ရက်အထိ ခင်းကျင်းပြသသွားမည်ဖြစ်၍ တောင်သူလယ်သမားများ၊ သီးနှံမျိုးစေ့ ထုတ်လုပ်ငန်းနှင့် စိုက်ပျိုးရေးလုပ်ငန်း စိတ်ဝင်စားသူများ မည်သူမဆို အခမဲ့ လာရောက်လေ့လာနိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီး နွေရာသီ အခြေခံအားကစားသင်တန်းဖွင့် အားကစားနည်း ၂၂ နည်း သင်ကြားပေးမည်

**ရန်ကုန် မတ် ၁**

ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီနှင့် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော ၂၀၂၄ ခုနှစ် နွေရာသီ အခြေခံ အားကစားသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီက ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက သင်တန်းဖွင့် အမှာစကားပြောကြားသည်။



ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးများ၊ အဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ အထူးဖိတ်ကြားသော ဧည့်တော်များက Fitness Dance၊ မြန်မာ့သိုင်း၊ ဗိုဗီနမ်၊ ကရာတေး၊ တိုက်ကွမ်ဒို၊ ဝူရှူး၊ ဓားခုတ်၊ ကျွမ်းဘားစသည့် အားကစားအဖွဲ့များမှ သရုပ်ပြမှုများကို ကြည့်ရှုအားပေးကြသည်။ **(ဝဲပုံ)**

အဆိုပါ နွေရာသီအခြေခံအားကစား သင်တန်းများကို မတ် ၁ ရက်မှ ၃၁ရက်အထိ အားကစားနည်း ၂၂ နည်းဖြင့် သင်ကြားဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**အာကာစိုး**

# ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးအသိပညာပေးသင်တန်းဖွင့်လှစ်

**ရန်ကုန် မတ် ၁**

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းကကြီးမှူး၍ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး အသိပညာပေးသင်တန်းဖွင့်လှစ်ပွဲကို မတ် ၁ ရက်က ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်းရှိ ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များ အသင်းရုံး၌ပြုလုပ်ရာ ကျောက်တံတားခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး တင်ထွန်းက သင်တန်းဖွင့် အမှာစကားပြောကြားသည်။ ထို့နောက် ကျောက်တံတားခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်မျိုးအောင်နှင့် ပန်းဘဲတန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးကျော်စွာရဲတို့က အမှာစကားပြောကြားကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးမျိုးမြင့်က ရွှေလုပ်ငန်းရှင်များ လိုက်နာကျင့်သုံးရမည့် စည်းကမ်းများနှင့် ရွှေဈေးတည်ငြိမ်ရေးအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် ပြောကြားသည်။ ထို့နောက် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး အသိပညာပေးသင်တန်းကို တရားလွှတ်တော်ရှေ့နေ ဆရာ ဦးကျော်ငြိမ်း၊ ဆရာမ ဒေါ်ခင်မေသန်းတို့က သင်ကြားပို့ချသည်။ သင်တန်းအပြီးတွင် ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်နှင့် အလုပ်အမှုဆောင်များ သင်တန်းဆရာများက သင်တန်းသား သင်တန်းသူ ၁၀၀ တို့ကို သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။ **မျိုးမင်းသူရ**

# နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ထမ်းများ၏ ဒသမအကြိမ် မိတ်ဆုံနေ့လယ်စာ စားပွဲကျင်းပ

**နေပြည်တော် မတ် ၁**

နိုင်ငံတော်အစိုးရ၏ ယန္တရားကောင်းမွန်စွာ လည်ပတ်နိုင်ရေးအတွက် ကျရာကဏ္ဍမှ တာဝန်ကျေပွန်စွာ ထမ်းဆောင်နေကြသော ဝန်ထမ်းများကို မိသားစုသဖွယ် အသိအမှတ်ပြုသောအားဖြင့် မိတ်ဆုံနေ့လယ်စာ စားပွဲများ ကျင်းပပေးလျက်ရှိရာ နယ်စပ်ရေးရာ ဝန်ကြီးဌာန ဝန်ထမ်းများ၏ ဒသမအကြိမ် မိတ်ဆုံနေ့လယ်စာ စားပွဲကို ယနေ့ မွန်းတည့် ၁၂ နာရီတွင်





အဆိုပါဝန်ကြီးရုံး၌ ကျင်းပသည်။

အဆိုပါ မိတ်ဆုံနေ့လယ်စာ စားပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဌာနအကြီးအကဲများ၊ ဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်၍ ရင်းနှီးခင်မင်စွာ လက်ရည်တစ်ပြင်တည်း သုံးဆောင်ခဲ့ကြကြောင်း သိရသည်။(အပေါ်ပုံ)

**သတင်းစဉ်**

# မြန်မာနှင့်သီရိလင်္ကာ နှစ်နိုင်ငံအကြား သာသနာရေးနှင့်ယဉ်ကျေးမှုဆိုင်ရာကိစ္စရပ်များ ဆက်လက်ပူးပေါင်းဆောင်ရွက်ရန်ဆွေးနွေး

**နေပြည်တော် မတ် ၁**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် မြန်မာနိုင်ငံဆိုင်ရာသီရိလင်္ကာနိုင်ငံသံအမတ်ကြီး H.E. Mr. J.M.J.P. Bandara အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



တွေ့ဆုံစဉ် သီရိလင်္ကာနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် ထေရဝါဒ ဗုဒ္ဓသာသနာတော်ကို ကိုးကွယ်သည့်နိုင်ငံများ ဖြစ်သည့်အတွက် ရှေးနှစ်ပေါင်း များစွာကပင် ချစ်ခင်ရင်းနှီးခဲ့မှု၊ သီရိလင်္ကာနိုင်ငံရှိ ဘုန်းတော်ကြီးများအား မြန်မာနိုင်ငံသို့ ဗုဒ္ဓစာပေများ လာရောက်သင်ကြားပါက အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်မှ အခမဲ့ သင်ကြားပေးနေမှု၊ မြန်မာနိုင်ငံမှ သီရိလင်္ကာနိုင်ငံသို့ သွားရောက် ပညာသင်ကြားနေသောသံဃာတော်များအတွက်လည်း အဆင်ပြေရေးဆောင်ရွက်ပေးရန် လိုအပ်မှု၊ သီရိလင်္ကာနိုင်ငံမှ ရွှေကျင်နိကာယ၊ ရာမညနိကာယ၊ အမရပူရနိကာယ၊ စိရမ်နိကာယ စသည့် နိကာယ(၄)ရပ်စလုံးမှ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လျက်ရှိရာ ယခုနှစ်တွင်လည်း ဆက်ကပ်ရန် စီစဉ်ထားရှိမှု၊ မြန်မာနှင့် သီရိလင်္ကာနှစ်နိုင်ငံ သာသနာရေးဆိုင်ရာဆက်သွယ်မှု၊ အပြန်အလှန်အလေးထားမှု၊ ကန္ဒီမြို့တွင် ဗုဒ္ဓတက္ကသိုလ်တည်ထောင်ခဲ့မှု၊ ယခုနှစ်တွင် ကျင်းပမည့် ကန္ဒီမြို့ရှိ ဗုဒ္ဓစွယ်တော် လှည့်လည်ပူဇော်ပွဲသို့ လာရောက်ရန် ဖိတ်ကြားမှု၊ နှစ်နိုင်ငံအကြား သာသနာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ကိစ္စရပ်များ ဆက်လက်ပူးပေါင်း ဆောင်ရွက်ရန်တို့ကို နှစ်ဦးနှစ်ဖက် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်း ဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲ အပြီးတွင် ပြည်ထောင်စု ဝန်ကြီးက မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီးအား အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ရုံးလုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဆင်းပွဲကျင်းပ

**နေပြည်တော် မတ် ၁**

ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများ ရုံးလုပ်ငန်းတာဝန်များကို စနစ်တကျသိရှိ ထမ်းဆောင်နိုင်စေရန်နှင့် ရုံးလုပ်ငန်းစွမ်းဆောင်ရည်များ တိုးမြှင့်လာစေရန် ရည်ရွယ်၍ ဖွင့်လှစ်သင်ကြားသည့် ဌာနတွင်း ရုံးလုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယ အမြဲတမ်းအတွင်းဝန်နှင့် ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး နေပြည်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်ရုံးခွဲများမှ သင်တန်းသား သင်တန်းသူများက Hybrid စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာသင်တန်းသားသင်တန်းသူ အမှုထမ်းငယ်များအနေနှင့် မိမိတို့လေ့လာသင်ယူခဲ့သောပညာရပ်များကို လက်တွေ့လုပ်ငန်းခွင်တွင် ထိထိရောက်ရောက် အသုံးချသွားရန်လိုအပ်ကြောင်း၊ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်တိုးတက်မြင့်မားရေးအတွက် ဝန်ကြီးဌာနမှ သင်တန်းများ ဖွင့်လှစ်ပေးနေရုံသာမက ပြည်တွင်း၊ ပြည်ပ သင်တန်းများသို့လည်း စေလွှတ်တက်ရောက်လျက် ရှိကြောင်း၊ အမှုထမ်းငယ်ဝန်ထမ်းများ အနေဖြင့် မိမိတို့၏ အရည်အသွေးများ အမြဲတိုးတက်နေစေရန် စဉ်ဆက်မပြတ်လေ့လာ ဆည်းပူးကြရန်နှင့် နိုင်ငံ့ဝန်ထမ်းကောင်းများ ဖြစ်လာစေရန် ခံယူချက်ထား၍ ကြိုးစားလုပ်ကိုင်ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

အဆိုပါ "ဌာနတွင်းရုံးလုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်း"ကို ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဖေဖော်ဝါရီ ၂၈ ရက်အထိ ရက်သတ္တ လေးပတ်ကြာ ဖွင့်လှစ်ခဲ့ပြီး သင်တန်းသားသင်တန်းသူ ၁၄၁ ဦး တက်ရောက်ကြသည်။

အခမ်းအနား အပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဝန်ကြီးဌာန ရုံးအဆောက်အအုံပရဝဏ် အတွင်းအပြင်သန့်ရှင်းသာယာ လှပရေးနှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ဝန်ထမ်းများ စုပေါင်းဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာ

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော POSCO International Corporation (Myanmar E&P) သည် ရွှေသဘာဝဓာတ်ငွေ့စီမံကိန်းတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ရွှေထုတ်လုပ်ရေးပလက်ဖောင်း(SHP Platform)နှင့် ရွှေဖိအားမြှင့်ပလက်ဖောင်း (SHK Compression Platform) အား 100.484 m အရှည်ရှိသော တံတားဖြင့် ဆက်သွယ်တည်ဆောက်ထားသည့် ရွှေဖိအားမြှင့်ပလက်ဖောင်း (SHK Compression Platform) ၏ Coordinate မှာ SHK Compression Platform မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၀ မိနစ် ၂၀ ဒသမ ၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၂ မိနစ် ၃၅ ဒသမ ၉ စက္ကန့်တွင် တည်ရှိသည်။

သို့ဖြစ်ပါ၍ ပင်လယ်ရေကြောင်းသွားလာမှုများ အန္တရာယ်မှ ကင်းရှင်းစေရန်နှင့် မတော်တဆထိခိုက်မှု လျော့ပါးစေရန်အတွက် အထက်ဖော်ပြပါ ရွှေဖိအားမြှင့်ပလက်ဖောင်း (SHK Compression Platform) တည်နေရာမှ (၄)ကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်းမပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

**ငါးလုပ်ငန်းဦးစီးဌာန**

# ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ ပီတန်း၊ ဂျူဒိုနှင့် မြားပစ်အားကစားသမားများ၏ လေ့ကျင့်နေမှုများ ကြည့်ရှုအားပေး

**နေပြည်တော် မတ် ၁**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံသည် ဒုတိယဝန်ကြီး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း (Gold Camp)ရှိ ပီတန်းအားကစားလေ့ကျင့်ရေးကွင်း၌ ပီတန်းအားကစားသမားများ၏ လေ့ကျင့်နေမှု၊ Cluster-3 ရှိ ဂျူဒိုလေ့ကျင့်ရေးခန်းမ၌ ဂျူဒိုအားကစားသမားများ၏ လေ့ကျင့်နေမှုနှင့် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ မြားပစ်လေ့ကျင့်ရေးကွင်း၌ မြားပစ်အားကစားသမားများ၏ လေ့ကျင့်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။



ထိုသို့ ကြည့်ရှုစဉ် ပြည်ထောင်စုဝန်ကြီးက နည်းပြများ၏ စနစ်တကျသင်ကြားပြသလေ့ကျင့်ပေးမှုအတိုင်း လိုက်နာဆောင်ရွက်သွားကြရန်နှင့် ခန္ဓာကိုယ်နှင့် စိတ်ဓာတ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်မှုသာ မိမိတို့၏ အရည်အသွေး၊ အရည်အချင်းများကို ထုတ်ဖော်ပြသနိုင်မည်ဖြစ်၍ ကျန်းမာရေး အထူးဂရုစိုက်ကြရန် လိုအပ်ကြောင်း၊ နေထိုင်စားသောက်မှုများနှင့် လေ့ကျင့်မှုများအတွက် လိုအပ်သည့် အထောက်အကူပြုပစ္စည်းများကို အကောင်းဆုံးဖြည့်ဆည်းဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ အားကစားသမားများအနေဖြင့် စံချိန်၊ စံညွှန်းများ တိုးတက်ကောင်းမွန်စေရန် မိမိတို့ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးစားလေ့ကျင့်သွားရန်နှင့် ပြိုင်ပွဲအတွေ့အကြုံများ ရရှိစေရေးအတွက် နိုင်ငံတကာ အားကစားပြိုင်ပွဲများသို့ စေလွှတ်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဘိလိယက်နှင့်စနူကာအားကစားရုံတွင် ကျင်းပလျက်ရှိသည့် ပြည်နယ်နှင့်တိုင်းဒေသကြီး ဘိလိယက်နှင့် စနူကာပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို တက်ရောက်ကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒီပလိုမာစာရင်းကိုင် (ဒုတိယပိုင်း) အမှတ်စဉ် - ၄၂ သင်တန်းဖွင့် ဘာသာရပ် ခြောက်ခုဖြင့် ၁၀ လကြာ ဖွင့်လှစ်သင်ကြားသွားမည်



**နေပြည်တော် မတ် ၁**

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း နေပြည်တော်နှင့် ရန်ကုန်တို့တွင် မြန်မာနိုင်ငံစာရင်းကောင်စီက ကြီးမှူး ဖွင့်လှစ်သည့် ဒီပလိုမာ စာရင်းကိုင် (ဒုတိယပိုင်း) အမှတ်စဉ် -၄၂ သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုစာရင်းစစ်ချုပ် မြန်မာနိုင်ငံ စာရင်းကောင်စီဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦး၊ ဒုတိယစာရင်းစစ်ချုပ် မြန်မာနိုင်ငံစာရင်းကောင်စီ ဒုတိယဥက္ကဋ္ဌ (၁) ဒေါ်နိုင်သက်ဦး၊ အမြဲတမ်းအတွင်းဝန်နှင့်တာဝန်ရှိသူများ၊ သင်တန်းကထိကများနှင့် သင်တန်းသားများ တက်ရောက်ကြပြီး မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း၊ မြန်မာနိုင်ငံစာရင်းကောင်စီနှင့် ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းတို့မှ တာဝန်ရှိသူများ၊ သင်တန်းကထိကများနှင့် သင်တန်းသားများက Online ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုစာရင်းစစ်ချုပ်က စာရင်းပညာရပ်သည် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုသည့် ပညာရပ်တစ်ခုဖြစ်ကြောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအနေဖြင့် ယခုကဲ့သို့ စာရင်းပညာရပ်ဆိုင်ရာ ဒီပလိုမာစာရင်းကိုင်သင်တန်းများကို စဉ်ဆက်မပြတ်ဖွင့်လှစ်၍ အရေအတွက်သာမက အရည်အချင်းပြည့်ဝသည့် စာရင်းကျွမ်းကျင်သူများ မွေးထုတ်ပေးခြင်းဖြင့် စာရင်းပညာ ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ဒီပလိုမာစာရင်းကိုင်သင်တန်းသည် စာရင်းပညာရှင်ဖြစ်လာစေမည့် ပထမခြေလှမ်းဖြစ်သဖြင့် စာရင်းပညာရပ်ဆိုင်ရာ အခြေခံလိုအပ်ချက်များကို ကျွမ်းကျင်တတ်မြောက်အောင် အလေးထားလေ့လာမှတ်သားသင်ယူကြရန် လိုအပ်ကြောင်း၊ သင်တန်းစည်းကမ်းများကို လေးစားလိုက်နာခြင်း၊ တိုးတက်ပြောင်းလဲနေသည့် စာရင်းပညာရပ်များကို စဉ်ဆက်မပြတ် လေ့လာဆည်းပူးခြင်းတို့ဖြင့် နိုင်ငံနှင့် ဌာန၊ အဖွဲ့အစည်းများက အားထားရသည့် စာရင်းပညာရှင်များဖြစ်လာစေရေး ကြိုးစားကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။**(အပေါ်ပုံ)**

ဆက်လက်၍ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း နေပြည်တော်သင်တန်းကျောင်း တာဝန်ခံက သင်တန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားသည်။

ယခု ဖွင့်လှစ်လိုက်သည့် သင်တန်းသို့ နေပြည်တော် သင်တန်းကျောင်းတွင် သင်တန်းသား ၄၂ ဦးနှင့် ရန်ကုန်သင်တန်းကျောင်းတွင် သင်တန်းသား ၂၆ ဦး စုစုပေါင်း သင်တန်းသား ၆၈ ဦးတို့ကို ဘာသာရပ် ခြောက်ခုဖြင့် ၁၀လကြာ တစ်ပြိုင်တည်း ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေးသင်တန်းဆင်းပွဲ ကျင်းပ



**ရန်ကုန် မတ် ၁**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းခရိုင် လှိုင်မြို့နယ် မီးသတ်စခန်း၌ ခရိုင်အဆင့်ရှာဖွေ ကယ်ဆယ်ရေးသင်တန်းအမှတ်စဉ်(၁/၂၀၂၄) ဆင်းပွဲကို မတ် ၁ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

သင်တန်းဆင်းပွဲ၌ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံး ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းဝင်းက သင်တန်းဆင်းအမှာစကား ပြောကြားပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

သင်တန်းသို့ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံးမှ အရာရှိများ၊ လှိုင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ YRO(Yangon Rescue Organization) လူမှုညီရေးအသင်းဥက္ကဋ္ဌ ဦးထွန်းထွန်းဦး၊ ပရဟိတအဖွဲ့ဥက္ကဋ္ဌများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ပရဟိတအသင်းဝင်များ တက်ရောက်ကြသည်။

သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်မှာ သင်ကြားပေးခဲ့သော ပညာရပ်များကို လက်တွေ့အသုံးချပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်း ငလျင်ဘေးအန္တရာယ်အပါအဝင် သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားပေါ်ပေါက်လာပါက သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ ရှေ့တန်းကျကျ ရင်ဆိုင်တုံ့ပြန်ဆောင်ရွက်ကြမည့် အရန်မီးသတ်တပ်ဖွဲ့များအပြင် မိတ်ဖက်အဖွဲ့အစည်းများ ဖြစ်ကြသည့် ပရဟိတအသင်းအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းစွမ်းရည် ပိုမိုမြင့်မားလာစေရေးနှင့် ခေတ်မီအဆင့်မြင့် ရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်းများ စနစ်တကျ ကျွမ်းကျင်စွာ ကိုင်တွယ်အသုံးပြုတတ်စေရန်အတွက်ဖြစ်ကြောင်း သိရသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

# တကောင်းမြို့၌ PDF အမည်ခံအကြမ်းဖက်သမားများက Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်ခဲ့သဖြင့် အပြစ်မဲ့ပြည်သူများ၏ နေအိမ်များ မီးလောင်ပျက်စီးမှုများဖြစ်ပွား

**နေပြည်တော် မတ် ၁**

PDF အမည်ခံ အကြမ်းဖက်သမားများသည် ဒေသတွင်း တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန် ရည်ရွယ်၍ စစ်ရေးပစ်မှတ်မဟုတ်သည့် ပြည်သူများ နေထိုင်ရာ ရပ်ကွက်များ၊ မြို့၊ ရွာများ၊ ပညာရေးကျောင်းများ၊ သာသနိကအဆောက်အဦများအား လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်ခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ယနေ့ညနေ ၅ နာရီခန့်တွင် PDF အမည်ခံ အကြမ်းဖက်သမားများသည် မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် တကောင်းမြို့ ရွှေဇာလီဘုန်းကြီးကျောင်း၏ အရှေ့ဘက် အမြင့် မီတာ ၈၀၀ ခန့်အကွာမှ Drone ယာဉ်များဖြင့် Drop Bomb များ ပစ်ချတိုက်ခိုက်ခဲ့သဖြင့် ဘုန်းကြီးကျောင်း၏ အရှေ့ဘက်ရှိ ဦးအောင်ဇော်ဦး၏ နေအိမ်ပေါ်သို့ ဗုံးသီးများ ကျရောက်ပေါက်ကွဲကာ မီးလောင်ကျွမ်းမှု စတင်ဖြစ်ပွားခဲ့သည်။

အဆိုပါ မီးလောင်ကျွမ်းမှုဖြစ်ပေါ်ခဲ့သည့်နေရာသို့ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ မီးသတ်ယာဉ်များနှင့် ရေသယ်ယာဉ်များ အသုံးပြုကာ မီးငြှိမ်းသတ်ခြင်းများ ဆောင်ရွက်ခဲ့ရာ ညနေ ၆နာရီ မိနစ် ၂၀ ခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။



အဆိုပါ မီးလောင်ကျွမ်းမှုကြောင့် သွပ်မိုး/ထရံကာ နေအိမ် အလုံး ၂၀ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ပြီး လူ/တိရစ္ဆာန်ထိခိုက်၊ ဒဏ်ရာရရှိမှု မရှိကြောင်း၊ မီးဘေးသင့် အိမ်ထောင်စုဝင်များအား ရွှေဇာလီဘုန်းကြီးကျောင်းတွင် ထားရှိကြောင်းနှင့် တာဝန်ရှိသူများက လိုအပ်သည့် ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့အတွင်းရှိ စာသင်တိုက်ကြီး ခုနစ်တိုက်မှ သံဃာတော်များနှင့် ဥပဒေရေးရာဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဥပဒေချုပ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဥပဒေအရာရှိ၊ ခရိုင်ဥပဒေအရာရှိများ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို

နေပြည်တော် မတ် ၁

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ အတွင်းရှိ စာသင်တိုက်ကြီး ခုနစ်တိုက်မှသံဃာတော် အပါး ၁၆၀၊ အုပ်ချုပ်သူရှစ်ဦး၊ ဆေးအကူ နှစ်ဦး စုစုပေါင်း ၁၇၀ နှင့် ဥပဒေရေးရာ ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဥပဒေချုပ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဥပဒေအရာရှိ၊ ခရိုင်ဥပဒေအရာရှိများ စုစုပေါင်း ၁၅၃ ဦးတို့သည် ယနေ့တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓ ရုပ်ပွားတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အား လာရောက်ဖူးမြော်ကြည်ညိုကြသည်။


ဦးစွာ နံနက်ပိုင်းတွင် သံဃာတော်များအား လည်းကောင်း၊ ညနေပိုင်းတွင် ဥပဒေရေးရာ ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဥပဒေချုပ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဥပဒေအရာရှိ၊ ခရိုင်ဥပဒေအရာရှိများအား လည်းကောင်း ရှင်းလင်းဆောင်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့နှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကျွမ်းကျင်ပညာရှင်များက မာရဝိဇယဘုရားကြီး တည်ထားကိုးကွယ် ပူဇော်ရခြင်း ရည်ရွယ်ချက်၊ ရုပ်ပွားတော်မြတ်ကြီးအား လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် အောင်မြင်စွာတည်ထား ပူဇော်နိုင်ခဲ့မှု၊ လက်ရှိထိန်းသိမ်းဆောင်ရွက်နေမှု၊ ခေတ်မီစက်ကိရိယာများအသုံးပြု၍ ကျောက်စာရုံစေတီတော်များ တည်ထားဆောင်ရွက်ခဲ့မှုနှင့် သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့မှုအခြေအနေတို့ကို ရှင်းလင်းပြောကြားကြပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ရန် အဆင့်ဆင့်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကို ပြသသည်။

ထို့နောက် ဘုရားဖူးလာ သံဃာတော်များနှင့် ဥပဒေရေးရာ ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်၊ ဥပဒေချုပ်များ၊ ဥပဒေအရာရှိများက ယခုကဲ့သို့ ရုပ်ပွားတော်မြတ်ကြီးအား အဆင်ပြေချောမွေ့စွာ လာရောက်ဖူးမြော်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးမှုများနှင့် ရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခဲ့မှု လုပ်ငန်းစဉ်အဆင့်ဆင့်ကို အသေးစိတ်ရှင်းလင်းပြောကြားပေးမှုများအပေါ် ကျေးဇူးတင်စကားများ ပြောကြားကြသည်။

ထို့ပြင် ဘုရားဖူးလာသံဃာတော်များနှင့် ဥပဒေရေးရာဝန်ကြီးဌာနမှ ဥပဒေချုပ်များ၊ ဥပဒေအရာရှိများက ရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာတည်ထားပူဇော်နိုင်ခဲ့မှု အခြေအနေနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက အသေးစိတ် ပြန်လည်ရှင်းလင်းဖြေကြားသည်။


ဆက်လက်၍ ဘုရားဖူးလာ သံဃာတော်များနှင့် ဥပဒေရေးရာ ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်၊ ဥပဒေချုပ်များ၊ ဥပဒေအရာများသည် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဘုရားရှင်ပြင်တော် ပတ်လည်၌ စကျင်ကျောက်များ အသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋိတိုက်များအတွင်း၌ လေ့လာကြည့်ရှုကြပြီး မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဘက်စုံ ပြုပြင်မွမ်းမံရန်အတွက် အလှူငွေများပေးအပ်လှူဒါန်းကြသည်။


ထို့နောက် ဘုရားဖူးလာ သံဃာတော်များနှင့် ဥပဒေရေးရာ ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်၊ ဥပဒေချုပ်များ၊ ဥပဒေအရာရှိများသည် ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ဆောက်ထားရှိသည့် မော်ကွန်းတိုက်၌ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော် ပုံစံငယ်ပြသထားမှု၊ ဗုဒ္ဓဥယျာဉ်တော်အတွင်း ကျင်းပခဲ့သည့် မဟာမင်္ဂလာအခမ်းအနားများတွင် အသုံးပြုခဲ့သည့်ပစ္စည်းများ၊ ဘုရားရှင်ဓာတ်တော်၊ ရဟန္တာဓာတ်တော်များ ထည့်သွင်းပူဇော်ခဲ့သည့် ရွှေဖလားများ၊ မာရဝိဇယ ဆင်းတုတော်ကြီးအား အစိတ်အပိုင်း လေးပိုင်းခွဲ၍ တည်ဆောက်ထားသော ဆင်းတုတော်ကြီးပုံစံငယ်များ၊ မြန်မာ့ရိုးရာပန်းဆယ်မျိုး လက်ရာပုံစံငယ်များ၊ ရုပ်ပွားတော်မြတ်ကြီး တည်ထားပူဇော်မှု မှတ်တမ်းဓာတ်ပုံများ၊ ဗိသုကာလက်ရာများဖြင့် ခမ်းနားထည်ဝါစွာ တည်ထားပူဇော်ထားသည့် အဂ္ဂါဓိပတိသာသနာ့ ဗိမာန်တော်ကြီး၊ ကျောက်စာရုံ စေတီတော်များ၊ မုစလိန္ဒအိုင်နှင့် အခြား သာသနိက အဆောက်အအုံများကို ဆက်လက်ဖူးမြော်လေ့လာကြည်ညိုခဲ့ကြသည်။



ပဲခူးမြို့စာသင်တိုက်များမှ သံဃာတော်များ ကျောက်စာရုံစေတီတော်များ၌ ရေးထိုးထားသည်များကို ကြည်ညိုလေ့လာကြစဉ်။









အလားတူ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူ ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုလျက် ရှိကြောင်း သိရသည်။

ယနေ့တွင် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော် မြတ်ကြီးအား လာရောက် ဖူးမြော်ခဲ့ကြသည့် သံဃာတော်များနှင့် ဥပဒေအရာရှိများ၏ ရင်တွင်းစကားသံများအား ယခုလို ကြားသိခဲ့ရပါတယ် –

ဘုန်းဘုန်းက ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ချမ်းမြေ့ဇေယျာ သာမဏေကျော် တက္ကသိုလ် ကျောင်းတိုက်က လာရောက်ဖူးမြော်တာ ဖြစ်ပါတယ်။ တကယ်ခမ်းနားသပ္ပာယ်ပြီး ကြည်ညိုဖွယ်ရာကောင်းတဲ့ ဒီလိုနေရာမျိုးကို ရောက်လာတာကတော့ ဦးဇင်းတို့ရင်ထဲမှာ တကယ်ကို ဝမ်းမြောက်ပီတိဖြစ်မိပါတယ်။ ဒီလိုနေရာမျိုးကို ရောက်မယ်လို့လည်း ဦးဇင်းတို့ ထင်မထားခဲ့ပါဘူး။ တကယ်ကို ကံကောင်းထောက်မလို့ ဦးဇင်းတို့ ဒီလိုရောက်လာခြင်းဖြစ်ပါတယ်။ အခုလို လာရောက်ဖူးမြော်ခွင့်ရတဲ့အတွက် ဦးဇင်းလည်း ဝမ်းမြောက်ပီတိဖြစ်မိပါတယ်။ တကယ်ကို ခမ်းနားတဲ့ နေရာဖြစ်တဲ့အတွက် ဒီဘုရားကြီးကို လူတိုင်းလာရောက်ဖူးမြော်ဖို့ ဦးဇင်းအနေနဲ့ ဖိတ်ခေါ်ချင်ပါတယ်။

ကျွန်တော်က တနင်္သာရီတိုင်းဒေသကြီး ဥပဒေချုပ် ဦးအုန်းသန်း ဖြစ်ပါတယ်။ ဒီဘုရားကြီးကို လာရောက်ဖူးမြော်နိုင်ဖို့အတွက် ဥပဒေရေးရာဝန်ကြီးဌာနက စီစဉ်ပေးတဲ့အတွက် အခုလိုလာရောက်ဖူးမြော်ခွင့်ရရှိတာ ဖြစ်ပါတယ်။ ဒီဘုရားကြီးကို ဖူးမြော်လိုက်ရတဲ့အချိန်မှာ ကျွန်တော်တို့ရင်ထဲမှာ ဝမ်းသာပီတိဖြစ်ရသလို ကြည်နူးမှုလည်းဖြစ်ရပါတယ်။ အခက်အခဲတွေကြားထဲက ဒီဘုရားကြီးကို တည်ထားကိုးကွယ်နိုင်အောင် စီစဉ်ပေးတဲ့ နိုင်ငံတော်အကြီးအကဲတွေကိုလည်း ကျေးဇူးတင်ပါတယ်။ မာရဝိဇယဆိုတဲ့စကားနဲ့အညီ ကျွန်တော်တို့ ဘုရားဖူးပြည်သူများအားလုံး ဘေးအပေါင်း၊ ရန်အပေါင်း၊ မာန်အပေါင်းကနေပြီးတော့ ကင်းဝေးကြလိမ့်မယ်လို့ ကျွန်တော့်အနေနဲ့ ယုံကြည်ပါတယ် ခင်ဗျာ။

မကွေးတိုင်းဒေသကြီး ဥပဒေအရာရှိ ဒေါ်သန္တာမြင့် ဖြစ်ပါတယ်။ မကွေးမြို့ကနေ လာရောက်ဖူးမြော်တာ ဖြစ်ပါတယ်။ တိုင်းဒေသကြီး၊ ပြည်နယ် ဥပဒေချုပ်တွေ၊ တိုင်းဒေသကြီး၊ ပြည်နယ် ဥပဒေအရာရှိတွေနဲ့ ခရိုင်ဥပဒေအရာရှိတွေ အားလုံးစုပေါင်းပြီး လာရောက်ဖူးမြော်ကြခြင်း ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ဒီဘုရားကြီးကို တတိယအကြိမ် လာရောက်ဖူးမြော်တာ ဖြစ်ပါတယ်။ ဘုရားကြီးကို ဖူးမြော်ရတဲ့အတွက် ဝမ်းသာပီတိ ဖြစ်မိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီဘုရားကြီးက ကမ္ဘာပေါ်မှာရှိတဲ့ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဖြစ်တဲ့အပြင် ရင်ပြင်တော်အပေါ်ကို တက်လိုက်တာနဲ့ တိမ်တိုက်ကြီးအပေါ်မှာ စံပယ်နေသလို မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးကိုယ်တိုင် စံပယ်နေသလို ဖူးမြော်ရတဲ့အတွက် ကျွန်မအနေနဲ့ ဝမ်းသာပီတိဖြစ်မိပါတယ်။ ဒီဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးက သက်တော်ထင်ရှားမြတ်စွာဘုရားကို ဖူးမြော်ရတယ်လို့ပဲ စိတ်ထဲမှာရည်မှန်းပြီး ဝမ်းသာပီတိဖြစ်မိပါတယ်။

**သတင်းစဉ်**

---

## ခြေလက်အင်္ဂါ ချို့ယွင်းသူများအတွက် အထောက်အကူပစ္စည်းများကို ပြန်လည်ပြုပြင်ပေး

ကျိုက်ထို မတ် ၁ – ခြေ၊လက်အင်္ဂါချို့ယွင်းနေသူများ၏ အထောက်အကူပြုပစ္စည်းများကို မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီတို့ ပူးပေါင်းပြီး ဘားအံမြို့ခြေတုလက်တုဆိုင်ရာ ပြန်လည်သန်စွမ်းရေးဌာနက နယ်လှည့်ပြုပြင်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၂၉ ရက်တွင် မွန်ပြည်နယ် ကျိုက်ထိုမြို့ ကော့စံနိုင်ရပ်ကွက် အေးရိပ်ငြိမ် (၂၅)လမ်းရှိ မြို့နယ်ကြက်ခြေနီအသင်းခွဲရုံး၌ ဆောင်ရွက်ပေးသည်။

ခြေတု၊ လက်တုများ၊ ခါးပတ်ကြိုးနှင့် အားပြုကိရိယာများ၊ ဘီးတပ်ကုလားထိုင်များကို အသေးစား ပြုပြင်ပေးခြင်းဖြစ်ပြီး အကြီးစားပြင်ဆင်မှုနှင့် အသစ်ပြုလုပ်လဲလှယ်ရန်လိုအပ်သူများအား အသုံးပြုပစ္စည်းများနှင့်အတူ ဌာနမှထုတ်ပေးထားသည့် မှတ်ပုံတင်ကတ်များ ယူဆောင်လာပြီး ဘားအံမြို့ ခြေတုလက်တုဆိုင်ရာ ပြန်လည်သန်စွမ်းရေးဌာနတွင် အခမဲ့ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းမောင်(ကျိုက်ထို)**

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုစားသောက်ဖွယ်ရာများ လာရောက်ပေးအပ်

နေပြည်တော် မတ် ၁

**နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင်များက စားသောက်ဖွယ်ရာများ လာရောက်ဂုဏ်ပြုပေးအပ်လျက်ရှိရာ ယနေ့တွင် အလုပ်သမားဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများ၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပြည်ခရိုင်၊ နတ်တလင်းခရိုင်၊ သာယာဝတီခရိုင်အတွင်းရှိ ဈေးသူ/ဈေးသားများက လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်သည်။**

## အလုပ်သမားဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်

ထိုသို့ ပေးအပ်လျက်ရှိရာ အလုပ်သမားဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်ခြင်းကို နေပြည်တော်တိုင်းစစ်ဌာနချုပ်ရှိ ပေါင်းလောင်းရိပ်သာ၌ ပြုလုပ်ရာ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်၊ တိုင်းမှူး ဗိုလ်ချုပ် စောသန်းလှိုင်၊ ဒုတိယဝန်ကြီးများနှင့် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် အလုပ်သမားဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ငွေကျပ်တစ်ရာနှစ်ဆယ့်နှစ်သိန်းခုနစ်သောင်းသုံးထောင်ငါးရာတန်ဖိုးရှိ စားသောက်ဖွယ်ရာများအား ပြည်ထောင်စုဝန်ကြီးက တိုင်းမှူးထံ ဂုဏ်ပြုပေးအပ်သည်။ ယင်းနောက် တိုင်းမှူးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါစားသောက်ဖွယ်ရာများအား အလုပ်သမားဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ဝန်ကြီးဌာနရုံးတွင် စနစ်တကျထုပ်ပိုး၍ လာရောက်လှူဒါန်းခြင်းဖြစ်ပြီး စားသောက်ဖွယ်ရာ အထုပ်များနှင့်အတူ ဝန်ထမ်းမိသားစုများက ရေးသားပေးပို့သည့်တပ်မတော်သားများအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာစေကြောင်း၊ ဘေးအန္တရာယ်ကင်းရှင်းစေကြောင်းနှင့် တရားသောစစ်အောင်မြင်ပါစေကြောင်း စသည့် ဆုတောင်းမေတ္တာ စာလွှာများပါရှိကြောင်း သိရသည်။



ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင် တိုင်းမှူး ဗိုလ်ချုပ် စောသန်းလှိုင်ထံ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် အလုပ်သမားဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက ဂုဏ်ပြုပေးအပ်သည့် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။



ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပြည်ခရိုင်၊ နတ်တလင်းခရိုင်၊ သာယာဝတီခရိုင်အတွင်းရှိ ဈေးသူ/ဈေးသားများက ဂုဏ်ပြုပေးအပ်သည့် စားသောက်ဖွယ်ရာများကို တာဝန်ရှိသူထံ ပေးအပ်စဉ်။

## ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပြည်ခရိုင်၊ နတ်တလင်းခရိုင်၊ သာယာဝတီခရိုင်အတွင်းရှိ ဈေးသူ / ဈေးသားများက စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်

အလားတူပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပြည်ခရိုင်၊ နတ်တလင်းခရိုင်၊ သာယာဝတီခရိုင်အတွင်းရှိ ဈေးသူ/ဈေးသားများက လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်ပွဲကို ပြည်မြို့နယ်ရှိ နယ်မြေခံတပ်ရင်းခန်းမ၌ ပြုလုပ်ရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် စေတနာရှင် အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုပေးအပ်သည့် ငွေကျပ်တစ်ရာကိုးဆယ်ခြောက်သိန်းသုံးသောင်းခုနစ်ထောင်လေးရာတန်ဖိုးရှိ စားသောက်ဖွယ်ရာများကို ဂုဏ်ပြုပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားကာ အဆိုပါစားသောက်ဖွယ်ရာများအား လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် ဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

◆ *ကျောဖုံးမှ*

အဖွင့်ပွဲတွင် ဂိုးပြတ်နိုင်ပွဲဖြင့် စတင်နိုင်ခဲ့ပြီး နည်းပြသစ် ဂျာမန်လူမျိုး ဖရန့်ဘန်းဟတ်အတွက် ကျေနပ်စရာ နိုင်ပွဲတစ်ပွဲဖြစ်ခဲ့သည်။ MNL-2 ကလပ် ရွှေပြည်သာယူနိုက်တက် အသင်းသည် ရလဒ်ကောင်းရယူနိုင်ရန် ကြိုးပမ်းသော်လည်း ရန်ကုန်အသင်းနှင့် ကွာခြားသဖြင့် ဂိုးပြတ်ခဲ့ခြင်းဖြစ်သည်။

ရန်ကုန်ယူနိုက်တက်အသင်းသည် MNL-2 ကလပ်နှင့် တွေ့ဆုံသော်လည်း အမာခံကစားသမားအစုံအလင်နီးပါးဖြင့် ပွဲထွက်လာပြီး နိုင်ငံခြားသားကစားသမားလေးဦးကိုလည်း ပွဲစကတည်းက ထည့်သွင်းအသုံးပြုခဲ့သည်။ ရွှေပြည်သာ ယူနိုက်တက်အသင်းသည် ဂိုးမပေးရရန် ဦးစားပေးကြိုးပမ်းသော်လည်း ရန်ကုန်ယူနိုက်တက်အသင်းက နိုင်ငံခြားသားကစားသမားများ၏ တိုးအားကြောင့် ခံစစ်ပြိုဆင်းသွားပြီး ပထမပိုင်းမှာပင် လေးဂိုးပေးခဲ့ရသည်။ ပထမပိုင်းတွင် ရန်ကုန်ယူနိုက်တက်အသင်း အတွက် ဂိုးများကို ၁၁၊ ၂၂ မိနစ်တွင် တက်တာ၊ မိနစ် ၃၀ တွင် ဂူရီယိုယာယာ၊ ၄၃ မိနစ်တွင် အီမန်နျူရယ်တို့က သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင်လည်း ရန်ကုန်ယူနိုက်တက်အသင်းကသာ ပွဲကိုထိန်းချုပ်ကစားခဲ့ပြီး အနိုင်ဂိုးများကို ၆၅၊ ၇၅ မိနစ်တွင် လမင်းထွေး၊ ၇၈ မိနစ်တွင် သာယာဝင်းထက်တို့က ထပ်မံသွင်းယူခဲ့သည်။

YUSC ကွင်း၌ ကျင်းပသည့်ပွဲတွင် ရှမ်းယူနိုက်တက်အသင်းက MNL-2 ကလပ် Rainbow အသင်းကို လေးဂိုးပြတ်အနိုင်ရခဲ့သည်။ ရှမ်းယူနိုက်တက် အသင်းသည် ပွဲစကတည်းက တိုက်စစ်အသားပေးကစားသော်လည်း Rainbow အသင်းက အကောင်းဆုံးတုံ့ပြန်နိုင်သဖြင့် ပထမပိုင်းအပြီးတွင် ဂိုးမရှိသရေကျနေသည်။ ၆၅ မိနစ်တွင် ရှမ်းယူနိုက်တက်အသင်း အဖွင့်ဂိုးရခဲ့ပြီး ထက်ဖြိုးဝေက သွင်းယူခဲ့ခြင်းဖြစ်သည်။ ဂိုးရပြီးနောက်ပိုင်းတွင် Rainbowအသင်း ခံစစ်ပြိုဆင်းသွားပြီး ရှမ်းယူနိုက်တက်အသင်း ဂိုးများဆက်တိုက်ရရှိကာ ၆၈ မိနစ်တွင် ရဲရင့်အောင်၊ ၈၃ မိနစ်တွင် သူရိန်ထွန်းနှင့် ၉၀+၁ မိနစ်တွင် မတ်ခ်ဆာကီတို့က သွင်းယူခဲ့သည်။ တက္ကသိုလ်ကွင်း၌ ကျင်းပသည့်ပွဲတွင် MNL ကလပ် မဟာယူနိုက်တက် အသင်းက MNL-2 ကလပ် တက္ကသိုလ်အသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ မဟာယူနိုက်တက်အသင်းသည် တိုက်စစ်မှူး ပက်ထရစ်၏ ဟက်ထရစ်ဖြင့် အဖွင့်လှသွားခဲ့သည်။ မဟာယူနိုက်တက်အသင်းအတွက် ဂိုးများကို ၉၊ ၃၅၊ ၄၇ မိနစ်တွင် ပက်ထရစ်၊ ၆၅ မိနစ်တွင် အောင်လှိုင်ဝင်းတို့က သွင်းယူပြီး တက္ကသိုလ်အသင်းအတွက် ဂိုးများကို ၅၃ မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် သန်းမြတ်စိုး၊ ၈၉ မိနစ်တွင် လှိုင်ဘွားတို့က သွင်းယူသည်။ ပဒုမ္မာကွင်း၌ ကျင်းပသည့်ပွဲတွင် MNL ကလပ် ရခိုင်ယူနိုက်တက်အသင်းက MNL-2 ကလပ် Glory Goal အသင်းကို သုံးဂိုးပြတ်အနိုင်ရခဲ့သည်။ ရခိုင်အသင်း ပွဲထွက်လူစာရင်းတွင် ကျော်ကိုကို၊ ကောင်းစည်သူ၊ ဟိန်းထက်စည်သူ၊ မိုကာလူးတို့ ပါဝင်ခဲ့သည်။ ရခိုင်ယူနိုက်တက်အသင်း အတွက် အနိုင်ဂိုးများကို ၁၆ မိနစ်တွင် မင်းခန့်ကျော်၊ မိနစ် ၉၀ တွင် သီဟထက်အောင်တို့က သွင်းယူပြီး ဒုတိယဂိုးမှာမူ ၃၄ မိနစ်တွင် Glory Goal အသင်းမှ အောင်ကျော်မျိုး ကိုယ့်ဂိုးကိုယ်သွင်းမိခဲ့ခြင်းဖြစ်သည်။

အုပ်စုဒုတိယနေ့ကို မတ် ၂ ရက် (ယနေ့) ဆက်လက်ကျင်းပမည်ဖြစ်ပြီး YUSC ကွင်း၌ ဟံသာဝတီအသင်းနှင့် ငွေကြယ်ပွင့်အသင်း၊ ပဒုမ္မာကွင်း၌ Dagon Port အသင်းနှင့် ဒဂုံစတားယူနိုက်တက်အသင်း၊ သုဝဏ္ဏကွင်း၌ အား/ကာသိပ္ပံအသင်းနှင့် ရက္ခပူရယူနိုက်တက်အသင်း၊ တက္ကသိုလ်ကွင်း၌ သစ္စာအားမာန်အသင်းနှင့် မြဝတီအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-MNL**

# တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုသောအားဖြင့် အရိုးရောဂါအထူးကုဆေးရုံကြီး-မန္တလေး လေးထပ်ကုသဆောင်သစ် ဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် မတ် ၁

**တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုသောအားဖြင့် အရိုးရောဂါအထူးကုဆေးရုံကြီး – မန္တလေး (၄)ထပ်ကုသဆောင်သစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါကုသဆောင်ရှေ့မျက်နှာစာ၌ ကျင်းပသည်။**



အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တပ်နယ်မှူးနှင့် တပ်မတော်အရာရှိကြီးများ၊ ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပါမောက္ခချုပ်များ၊ မန္တလေးတိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှူး၊ ဆေးရုံအုပ်ကြီးများ၊ ပါမောက္ခ၊ အထူးကုဆရာဝန်ကြီးများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် အခြားဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ကြသည်။

**စုပေါင်းဖွင့်လှစ်ပေး**

ဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး၊ တပ်နယ်မှူးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က အရိုးရောဂါအထူးကုဆေးရုံကြီး–မန္တလေး၏ (၄)ထပ်ကုသဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး **(ယာပုံ)** စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကာဖွင့်ပွဲအထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များနှင့်အတူ လေးထပ် ကုသဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှု၍ ကုသရေးလုပ်ငန်းများ ပြောင်းရွှေ့ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည်များ မှာကြားသည်။

**ဆေးရုံများ တိုးချဲ့ဖွင့်လှစ်**

ထို့နောက် ဖွင့်ပွဲဒုတိယပိုင်း အစီအစဉ်ကို တတိယထပ်ရှိ အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက ကုသမှုအရည်အသွေးမြင့်မားရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလွှမ်းခြုံမှုတိုးတက်စေရေးအတွက် ဆေးရုံများ တိုးချဲ့ဖွင့်လှစ်ခြင်း၊ အဆင့်မြှင့်တင်ခြင်းတို့နှင့်အတူ အရည်အသွေးဒီဇိုင်းကောင်းမွန်သော ဆေးရုံအဆောက်အဦသစ်များ ဖြည့်ဆည်းဆောက်လုပ်ခြင်း၊ ဆေးနှင့်ဆေးပစ္စည်းလိုအပ်ချက်ကို ဖြည့်ဆည်းခြင်း၊ ခေတ်မီဆေးရုံသုံးစက်ကိရိယာများ ဝယ်ယူထောက်ပံ့ခြင်း၊ အထူးကုဆရာဝန်များအပါအဝင် ကျန်းမာရေးဝန်ထမ်းအဆင့်ဆင့်ကို တိုးမြှင့်ခန့်ထားခြင်း၊ လေ့ကျင့်မွေးထုတ်ခြင်း၊ အခြေခံအဆောက်အအုံများ အဆင့်မြှင့်တင်ခြင်း စသည့်လုပ်ငန်းများကို အားဖြည့်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကုသရေးလုပ်ငန်းများ ပိုမိုကောင်းမွန်စေရေးအတွက် ပြည်သူ့ဆေးရုံများတွင် ဆေးရုံအဆောက်အအုံများ တိုးချဲ့ဆောက်လုပ်သကဲ့သို့ သင်ကြားရေးပိုင်းတွင်လည်း အဆောက်အအုံများ တိုးချဲ့ဆောက်လုပ်ပေးလျက်ရှိကြောင်း၊ မန္တလေးမြို့တွင် ဗဟိုအဆင့်ဆေးရုံ ရှစ်ရုံ ဖွင့်လှစ်ကာ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယခုဖွင့်လှစ်သည့် အဆောက်အအုံကို ရေရှည်တည်တံ့ခိုင်မြဲအောင် ပိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်ပေးကြရန်၊ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် လူနာများကို နွေးထွေးပျူငှာစွာဆက်ဆံ၍ ပြည်သူများ အားကိုးယုံကြည်ရသည့် ဆေးရုံဖြစ်စေရေး ဆက်လက်ဆောင်ရွက်ပေးကြရန် ပြောကြားသည်။

**ဂုဏ်ပြုအမှာစကားပြောကြား**

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က ဂုဏ်ပြုအမှာစကားပြောကြားပြီး အရိုးရောဂါအထူးကုဆေးရုံကြီး – မန္တလေးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဇော်ဝင်းထွန်း က ဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင်များကို နေရာအရောက်ပေးအပ်၍ ကျေးဇူးတင်စကားပြောကြားသည်။

အရိုးရောဂါအထူးကုဆေးရုံကြီး – မန္တလေးတွင် အထွေထွေအရိုးရောဂါကုသခြင်း၊ ခါးရိုးပိုင်းဆိုင်ရာ ခွဲစိတ်ကုသခြင်း၊ လက်ပိုင်းဆိုင်ရာ အနုစိတ်ခွဲစိတ်ကုသခြင်း၊ ဒူးဆစ်ရိုး၊ ပေါင်ထိပ်ရိုး အစားထိုးကုသခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပြီး အရိုးရောဂါဆိုင်ရာ ပါမောက္ခ/အထူးကု ဆရာဝန်ကြီးများနှင့် အကြောအဆစ်နှင့် ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေးဌာနတို့မှ ရုံးဖွင့်ရက်များတွင် နေ့စဉ်ပြင်ပလူနာကြည့်ရှုကုသမှုများ ဆောင်ရွက်ပေးကာ တနင်္လာနှင့် ဗုဒ္ဓဟူးနေ့များတွင် မွေးရာပါ ခြေခွင်လူနာများအားကြည့်ရှုကုသပေးခြင်း၊ အရိုးရောဂါအထူးပြု ပါရဂူဘွဲ့သင်တန်းသားများ၊ မဟာဘွဲ့သင်တန်းများ၊ သူနာပြု အရိုးအထူးပြု ဒီပလိုမာသင်တန်းသားများနှင့် မဟာဘွဲ့သင်တန်းသားများကိုလည်း လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။ ယခု ဖွင့်လှစ်သောလေးထပ် ကုသဆောင်သစ်ကို ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦဦးစီးဌာန၊ တည်ဆောက်ရေး (၂)၊ အဆောက်အဦအထူးအဖွဲ့ (၆) က တာဝန်ယူတည်ဆောက်ခဲ့ပြီး စီမံကိန်းတန်ဖိုး ငွေကျပ် ၂၀၅၆ ဒသမ ၀၇ သန်း အသုံးပြုပြီး တည်ဆောက်ခဲ့ကာ (၁၇၂၀၀ စ/ပေ) အကျယ်အဝန်းရှိပြီး မြေညီထပ်တွင် အရိုးနှင့်ထိခိုက်ဒဏ်ရာကုသဆောင်၊ ပထမထပ်တွင် ကျောရိုးခွဲစိတ်ကုသဆောင်၊ ဒုတိယထပ်တွင် အဆစ်အစားထိုးခွဲစိတ်ကုသဆောင်နှင့် တတိယထပ်တွင် အရိုးကင်ဆာခွဲစိတ်ကုသဆောင်နှင့် အစည်းအဝေးခန်းများပါဝင်ဖွဲ့စည်းထား၍ လူနာများ အဆင်ပြေစေရေးအတွက် ပင်မလှေကား တစ်ခု၊ ဘေးလှေကားနှစ်ခုအပြင် ၂၁ ဦးဆံ့ ဓာတ်လှေကား တစ်ခုနှင့် ရှစ်ဦးဆံ့ ဓာတ်လှေကားတစ်ခုကိုလည်း တပ်ဆင်ထားကြောင်း သိရသည်။

**ဗိုက်ချင်းဆက်အမြွှာကလေးများကြည့်ရှု**

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဗဟိုအမျိုးသမီးဆေးရုံကြီး – မန္တလေး မွေးကင်းစကလေးအထူးကြပ်မတ်ကုသဆောင်ကို လှည့်လည်ကြည့်ရှုပြီး သီးသန့်ခန်း၌ ပြုစုစောင့်ရှောက်ထားသော ဗိုက်ချင်းဆက်အမြွှာကလေးများ ဖြစ်ကြသည့် ကြာညိုသင်းနှင့် ကြာညိုသိမ့်တို့ကို ကြည့်ရှု၍ ထောက်ပံ့ငွေများ ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက အစည်းအဝေးခန်း၌ ဆေးရုံအုပ်ကြီး၊ ပါမောက္ခ၊ အထူးကုဆရာဝန်ကြီးများနှင့်တွေ့ဆုံပြီး အဆိုပါကလေးများအား လက်ရှိကျန်းမာရေးအခြေအနေ၊ ခွဲစိတ်ကုသမှုဆောင်ရွက်ပေးနိုင်မည့်အခြေအနေများနှင့် ဆေးရုံကြီး၏ဆေးကုသရေးလုပ်ငန်းများ တိုးတက်စေရေးအတွက် လိုအပ်သည်များ ညှိနှိုင်းမှာကြားပြီး တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါ ဗိုက်ချင်းဆက်အမြွှာကလေးများကို ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၈ ရက်တွင် ဗဟိုအမျိုးသမီးဆေးရုံကြီး – မန္တလေး၌ ခွဲစိတ်မွေးဖွားခဲ့ပြီး ဝမ်းဗိုက်ချင်းဆက်ကာ ကိုယ်တွင်းရှိအသည်း၌ ဆက်စပ်မှုများရှိသည့် Omphalopagus Type အမြွှာဖြစ်ကြောင်းနှင့် ကျန်းမာရေးကောင်းမွန်လျက်ရှိပြီး အဆိုပါကလေးများအား သင့်လျော်သည့်အချိန်တွင် ကလေးဆေးရုံကြီး – ရန်ကုန်သို့ လွှဲပြောင်းကာ ခွဲစိတ်ကုသမှုဆောင်ရွက်ပေးနိုင်ရေးအတွက် ရန်ကုန်နှင့် မန္တလေးမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူ/ အတွေ့အကြုံရှိသည့် ပါမောက္ခ/အထူးကု ဆရာဝန်ကြီးများ ပူးပေါင်း၍ လိုအပ်သောကုသမှုများကို အကြံပြုဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုက်ထုတ်ကုန်ကျငွေ လျှော့နည်းကျဆင်းရေး**


ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်း၌ ဆေးရုံအုပ်ကြီး၊ ပါမောက္ခ၊ အထူးကုဆရာဝန်ကြီးများနှင့်တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်မှ ခွင့်ပြုရန်ပုံငွေကိုအသုံးပြု၍ ဆေးဝါးများ ထောက်ပံ့ပေးလျက်ရှိရာ ပြည်သူလူထု၏ ကျန်းမာရေးအသုံးစရိတ်စိုက်ထုတ်ကုန်ကျငွေ လျှော့နည်းကျဆင်းရေးအတွက် ထိရောက်စွာအသုံးပြုနိုင်ရေးကို အလေးထားဆောင်ရွက်ပေးရန်၊ လူနာဘေးကင်းလုံခြုံရေးဆိုင်ရာလုပ်ငန်းစဉ်များကိုလည်း စနစ်တကျဆောင်ရွက်ကြရန်နှင့် စီမံခန့်ခွဲမှုဆိုင်ရာကိစ္စများနှင့်ပတ်သက်၍ လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဆေးရုံအုပ်ကြီးက ဆေးရုံလုပ်ငန်းဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ညှိနှိုင်းဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး

နေပြည်တော် မတ် ၁



ကချင်ပြည်နယ် တနိုင်းမြို့ရှိ နယ်မြေခံ တပ်မတော်ဆေးရုံ၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိတပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါ အထူးကုဆေးရုံကြီး (ခုတင်-၅၀၀) နှင့် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ရှိ တပ်မတော်ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံနှင့် ပြည်မြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက် ဆေးကုသမှုခံယူနေသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့ စစ်(ဌာနေ)တပ်ဖွဲ့ဝင်နှင့် ဒေသခံပြည်သူများအား ယနေ့တွင် တိုင်းစစ်ဌာနချုပ် အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေး တိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကား ပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်ကြသည်။

ထို့နောက် တိုင်းစစ်ဌာနချုပ် အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဆေးရုံများ အတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နွေကာလ နေ့အပူချိန်များမြင့်တက်လာမှုကြောင့် လေပြင်းတိုက်ခတ်ခြင်းနှင့် မိုးထစ်ချုန်းရွာခြင်းများ ဖြစ်ပေါ်နိုင်

**နေပြည်တော် မတ် ၁**

မြန်မာနိုင်ငံအရပ်ရပ်တွင် နွေကာလဖြစ်သည့် မတ်လ၊ ဧပြီလနှင့် မေလများအတွင်း နေ့အပူချိန်များ တဖြည်းဖြည်းမြင့်တက်လာရာမှ အပူပျံ့တက်တိမ်များဖြစ်ထွန်း၍ မွန်းလွဲ/ ညနေပိုင်းတို့တွင် မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်ပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် လေပြင်းများ တိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ ထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သည်။

လေပြင်းတိုက်ခတ်စဉ် မြေပြင် / ရေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ မိုင် ၅၀ အထိ တိုက်ခတ်နိုင်ပါသည်။

**မိုး/ဇလ**

❑ *ကျောဖုံးမှ*

အက်သလက်တီကိုမက်ဒရစ်အသင်းက ပိုကောင်းသည့်ကစားဟန်ကို ပြသနိုင်ခဲ့သော်လည်း အဆုံးသတ်သေချာသည့် ဘီလ်ဘာအိုအသင်းက သုံးဂိုးပြတ်အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။ ဘီလ်ဘာအို အသင်းအတွက် သွင်းဂိုးများကို ဝီလီယံ၊ နီကို ဝီလီယံနှင့် ဂူရူဇီတာတို့က သွင်းယူပေးနိုင်ခဲ့သည်။

ဘီလ်ဘာအိုအသင်းသည် ကိုပါဒယ်ရေးဖလားပြိုင်ပွဲ ဗိုလ်လုပွဲတွင် မာလော့ကာအသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည် ဖြစ်သည်။ အဆိုပါပွဲစဉ်ကို ဧပြီ ၆ ရက်တွင် ဆီဗီလာရှိ estadio la cartuja ကွင်း၌ အကြိတ်အနယ် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

**အောင်ဇော်**

# အမေရိကန် - မက္ကဆီကိုနယ်စပ်သို့ ထရမ့်နှင့် ဘိုင်ဒင်တို့ သီးခြားစီသွားရောက်

**ဝါရှင်တန် မတ် ၁**

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် ဖေဖော်ဝါရီ ၂၉ ရက်က မက္ကဆီကိုတောင်ပိုင်းနယ်စပ်သို့ သွားရောက်ကာ ကင်းလှည့်ရဲများ၊ ခိုလှုံခွင့်တောင်းခံသူများအရေး ကိုင်တွယ်ဖြေရှင်းပေးသည့်အရာရှိများနှင့်တွေ့ဆုံခဲ့သည်။

ဂျိုးဘိုင်ဒင် ၏ ဘရောင်းစ်ဗီလီမြို့နှင့်တက္ကဆက် ခရီးစဉ်တို့သည် အမေရိကန်သမ္မတဟောင်း ဒေါ်နယ် ထရမ့် အဆိုပါမြို့များအနီးသို့လာရောက်လည်ပတ်သည့်ရက်နှင့် တစ်ရက်တည်းပင်ဖြစ်သည်။

၂၀၂၄ ခုနှစ် သမ္မတရွေးကောက်ပွဲအတွက် ပါဝင်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းများကို ပြည်နယ်သုံးပုံတစ်ပုံက မဲပေးရွေးချယ်မှုအပြီး ယခုလိုခရီးစဉ်စတင်ခဲ့ခြင်းဖြစ်ကြောင်း၊ အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်လက်ထက် နယ်စပ်မှအမေရိကန်သို့ တရားမဝင်ခိုးဝင်သူဦးရေမှာ စံချိန်တင်တိုးလာခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။

လုံခြုံရေးကိုတင်းကျပ်စေမည့် နှစ်ဖက်ပါတီဥပဒေကြမ်းကို ဂျိုးဘိုင်ဒင်က လွှတ်တော်တွင်ထောက်ခံခဲ့ကြောင်း၊ သို့သော်လည်း ထရမ့်ကမူ အဆိုပါဥပဒေကြမ်းကိုဆိုးရွားသော သဘောတူညီချက်ဟု ခေါ်ဝေါ်ခဲ့ပြီး လွန်ခဲ့သည့် သီတင်းပတ်အနည်း ငယ်ကရီပတ်ဘလီကင်အများစုသည် အဆိုပါအစီအစဉ်ကို ကန့်ကွက်မဲပေးခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။


အမေရိကန် သမ္မတ ဂျိုးဘိုင်ဒင်။


သမ္မတဟောင်းထရမ့်။

ထရမ့်သည် လူဝင်မှုကြီးကြပ်ရေးကို ဦးစားပေးလုပ်ဆောင်ခဲ့သည်။ ၎င်းသည် အီးဂဲလ်ပတ်စ်မြို့သို့ သွားရောက်ခဲ့ပြီး ရွှေ့ပြောင်းနေထိုင်သူများ ဝင်ရောက်မလာစေရေး တက္ကဆက်ပြည်နယ် အုပ်ချုပ်ရေးမှူး ဂရက်အက်ဘော့ပြုလုပ်ထားသည့်အစီအမံများကို စစ်ဆေးခဲ့သည်။ ထရမ့်က ၎င်းသာသမ္မတရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့ပါက အမေရိကန်သမိုင်းတွင် အကြီးဆုံးပြည်နှင်ဒဏ်ပေးမှုကြီးကို လုပ်ဆောင်မည်ဟုလည်း ကတိပြုခဲ့သည်။

အင်န်အိတ်ချ်ကေ




## ဘရာဇီးနိုင်ငံ၌ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ တစ်သန်း ကျော်လာ

**ဘရာဆီးလီးယား မတ် ၁**

ဘရာဇီးနိုင်ငံ၌ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၁၀၁၇၂၇၈ ဦးနှင့် အဆိုပါ ရောဂါကြောင့် အတည်ပြု သေဆုံးသူ ၂၁၄ ဦး ရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ကြာသပတေးနေ့တွင် ထုတ်ပြန်သော နောက်ဆုံးအစီရင်ခံစာတွင် ဖော်ပြထားသည်။

ထို့ပြင် အခြားသေဆုံးသူ ၆၈၇ ဦးအား စုံစမ်းစစ်ဆေးနေဆဲဖြစ်ကြောင်းလည်း ဖော်ပြထားသည်။ ဘရာဇီးနိုင်ငံ၌ လက်ရှိ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုနှုန်းမှာ လူဦးရေ ၁၀၀၀၀၀ လျှင် ၅၀၁ ဦး ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

ဘရာဇီးနိုင်ငံသည် ယမန်နှစ်က သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၁၆၅၆၈၀၆ ဦးရှိခဲ့ပြီး ယခုနှစ်တွင် အဆိုပါပမာဏထက် နှစ်ဆမြင့်တက်လာဖွယ်ရှိကြောင်း ကျန်းမာရေးဝန်ကြီး နီဆီယာ ထရင်ဒါဒီးက ပြောသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်ချက်အရ ၂၀၀၉ ခုနှစ်နောက်ပိုင်း ကမ္ဘာတစ်ဝန်းတွင် သွေးလွန်တုပ်ကွေးရောဂါကူးစက်ဖြစ်ပွားမှုနှုန်း သိသိသာသာ မြင့်တက်လာပြီး ယခင်ရောဂါပျံ့နှံ့ကူးစက်ခြင်းမရှိသောဒေသများသို့ပင် ပျံ့နှံ့ကူးစက်လျက်ရှိကြောင်း သိရသည်။

ဆင်ဟွာ

## ဂါဇာကမ်းမြောင်တွင် ထောက်ပံ့ကူညီမှုများစောင့်ဆိုင်းနေသော အရပ်သား ၁၀၀ ကျော် သတ်ဖြတ်ခံရ

**ဂါဇာ မတ် ၁**

အစ္စရေးတပ်ဖွဲ့သည် ကြာသပတေးနေ့တွင် ထောက်ပံ့ကူညီမှုများအတွက် စောင့်ဆိုင်းနေသော အရပ်သား ၁၀၀ ကျော်ကို သတ်ဖြတ်လိုက်ကြောင်း ဂါဇာကျန်းမာရေးအာဏာပိုင်များက ပြောသည်။

ထို့ကြောင့် အောက်တိုဘာလနောက်ပိုင်း အစ္စရေး၏ တိုက်ခိုက်မှုကြောင့် ပါလက်စတိုင်းသေဆုံးသူအရေအတွက်မှာ ၃၀၀၀၀ ကျော်လွန်လာပြီဖြစ်ကြောင်း သိရသည်။ ကုလသမဂ္ဂတာဝန်ရှိသူများက ဂါဇာကမ်းမြောင်ဒေသမှ အသက်များကို ကြောက်မက်ဖွယ်ရာအရှိန်ဖြင့် နုတ်ယူခံနေရကြောင်း ပြောသည်။ ဒေသဆိုင်ရာတာဝန်ရှိသူက အစ္စရေးတပ်ဖွဲ့၏ ပစ်ခတ်မှုကြောင့် လူပေါင်း ၁၁၂ ဦး သေဆုံးပြီး အခြား ၇၆၀ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ပြောသည်။

အဆိုပါဖြစ်ရပ်နှင့်ပတ်သက်ပြီး ဟားမားစ်ခေါင်းဆောင်က အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုဟု ပြောကြားလိုက်သည်။ အစ္စရေးအစိုးရ ပြောရေးဆိုခွင့်ရှိသူ အဗီဟိုက်မန်းက ယခုကဲ့သို့ ဖြစ်ပျက်ခဲ့ခြင်းသည် ဝမ်းနည်းဖွယ်ရာကောင်းကြောင်း ပြောကြားခဲ့သော်လည်း ထရပ်ကားမောင်းနှင်သူများတွင် တာဝန်ရှိကြောင်း ပြောသည်။

အင်န်အိတ်ချ်ကေ



## ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြို့တော်ဒါကာ၌ အဆောက်အအုံမီးလောင်မှုကြောင့် ၄၃ ဦးထက်မနည်းသေဆုံး

**ဒါကာ မတ် ၁**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြို့တော်ဒါကာ၌ စီးပွားရေးအဆောက်အအုံတစ်လုံး မီးလောင်မှုကြောင့် ၄၃ ဦးထက်မနည်း သေဆုံးခဲ့သည်ဟု ဘင်္ဂလားဒေ့ရှ်မီဒီယာတွင် ဖော်ပြထားသည်။ ဖေဖော်ဝါရီ ၂၉ ရက် ည ၁၀ နာရီဝန်းကျင်က ပထမထပ်မှ မီးစတင်လောင်ခဲ့ခြင်းဖြစ်ပြီး မီးမှာ လျင်မြန်စွာ ကူးစက်လောင်ကျွမ်းခဲ့သည်။

အဆိုပါအဆောက်အအုံမှာ ခုနစ်ထပ်ရှိပြီး အပေါ်ထပ်သို့လူများစုပြုံထွက်ပြေးကြသည်။ ထိုသို့ထွက်ပြေးကြသူများထဲတွင် ကလေးငယ်များလည်းအပါအဝင်ဖြစ်ကာ အများစုမှာပိတ်မိခဲ့ကြသည်ဟု ဒေသတွင်းမီဒီယာတွင် ဖော်ပြထားသည်။

အခင်းဖြစ်ပွားရာနေရာသို့ မီးသတ်သမားများ အလျင်အမြန်ရောက်ရှိခဲ့ကြပြီး နှစ်နာရီခန့်အကြာတွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။ မီးလောင်မှုကြောင့် ၄၃ ဦးထက်မနည်း သေဆုံးပြီး ဒဏ်ရာရရှိသူများပြားကြောင်း ကျန်းမာရေးအာဏာပိုင်များက ပြောသည်။

အဆိုပါအဆောက်အအုံတွင် စားသောက်ဆိုင်အများအပြားရှိကာ မီးလောင်မှုဖြစ်ပွားစဉ်က ဆိုင်အများအပြားကို ဖွင့်လှစ်ထားချိန်လည်း ဖြစ်သည်။ ဒေသခံရဲများနှင့် တာဝန်ရှိသူများက မီးလောင်မှုဖြစ်ပွားရသည့်အကြောင်းကို စုံစမ်းစစ်ဆေးဆဲဖြစ်သည်။

အင်န်အိတ်ချ်ကေ

## ဂါဇာဒေသရှိ ပါလက်စတိုင်းပြည်သူများအတွက် သက်သာချောင်ချိရေးအကူအညီများ အီဂျစ်နှင့်ယူအေအီးတို့ လေကြောင်းမှ ဆက်လက်ချထားပေးလျက်ရှိ

**ကိုင်ရို မတ် ၁**

အီဂျစ်နှင့်ယူအေအီးနိုင်ငံတို့မှ တပ်ဖွဲ့များသည် ဂါဇာကမ်းမြောင်ဒေသရှိ ပါလက်စတိုင်းပြည်သူများအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများ လေကြောင်းမှတစ်ဆင့် ဆက်လက်ချထားပေးသည်ဟု အီဂျစ်တပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူ ဂဲရစ်ဘ် အဗ္ဗဒူဟာဖက်ဇ်က ဖေဖော်ဝါရီ ၂၉ ရက်တွင် ပြောသည်။

အီဂျစ်သမ္မတ အဗ္ဗဒယ်ဖာ့တာ အယ်စီစီ၏ ညွှန်ကြားမှုအောက်တွင် ဂါဇာဒေသရှိ ပါလက်စတိုင်းများအတွက် အကူအညီများ ဆက်လက်ပေးနိုင်ရေး အီဂျစ်နှင့် ယူအေအီးနိုင်ငံတို့မှ လေယာဉ်အချို့သည် အီဂျစ်နိုင်ငံ အယ်အဲရစ်လေဆိပ်မှ ပျံသန်းမှုများ ပြုလုပ်ကြသည်ဟု ၎င်းက ဆက်ပြောသည်။ လေကြောင်းမှတစ်ဆင့် ချထားပေးသည့်အကူအညီများတွင် အစားအသောက်၊ ဆေးဝါးနှင့် အခြားလိုအပ်သော ထောက်ပံ့ရေးပစ္စည်းများကို မြောက်ပိုင်းဒေသအနေရာအများအပြားသို့ ချထားပေးကြောင်း သိရသည်။

အဆိုပါဒေသများမှာ အစ္စရေးတပ်ဖွဲ့၏ စစ်ဆင်ရေးအပြင်းအထန် ပြုလုပ်မှုကြောင့် အခြေခံလိုအပ်ချက်များ ပြတ်လပ်မှုနှင့်ကြုံတွေ့နေရသည်။ ဖေဖော်ဝါရီ ၂၇ ရက်ကလည်း အီဂျစ်၊ ဂျော်ဒန်၊ ယူအေအီး၊ ကာတာနှင့် ပြင်သစ်နိုင်ငံတို့မှ တန်ချိန် ၄၅ တန်ရှိ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို လေကြောင်းမှတစ်ဆင့် ဂါဇာမြောက်ပိုင်းနှင့် အလယ်ပိုင်းဒေသများသို့ ချထားပေးခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

## ဂျပန်နိုင်ငံ၏ အလုပ်လက်မဲ့နှုန်း ဇန်နဝါရီလတွင် ကျဆင်း

**တိုကျို မတ် ၁**

ဂျပန်နိုင်ငံ၏ အလုပ်လက်မဲ့နှုန်းသည် ဇန်နဝါရီလတွင် ကျဆင်းခဲ့သည်ဟု ပြည်ထဲရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက မတ် ၁ ရက်တွင် ထုတ်ပြန်ခဲ့သောအစီရင်ခံစာ၌ ဖော်ပြခဲ့သည်။

ဇန်နဝါရီလတွင် အလုပ်လက်မဲ့နှုန်းသည် ၂ ဒသမ ၄ ရာခိုင်နှုန်းရှိသောကြောင့် အစောပိုင်းလ၏အလုပ်လက်မဲ့နှုန်း ၂ ဒသမ ၅ ရာခိုင်နှုန်းထက် ကျဆင်းခဲ့သည်။

အလုပ်လက်မဲ့နှုန်း ကျဆင်းခဲ့သော်လည်း အလုပ်ခန့်အပ်ခံရသူအရေအတွက် နှစ်လဆက်တိုက်ကျဆင်းခဲ့သည်။ ထို့ကြောင့် အလုပ်သမားဈေးကွက် ပျက်နေပြီဟု ပြောနေကြကြောင်း ဂျပန်ဒိုင်အိချိလူမှုဘဝလေ့လာရေးအင်စတီကျု၏ စီးပွားရေးပညာရှင် တိုရှိဟီရို နာဂါဟာမာက ပြောသည်။

အလုပ်ရှိလူဦးရေသည် ဇန်နဝါရီလတွင် ၆၇ ဒသမ ၆၁ သန်းရှိကြောင်း စာရင်းများတွင်ဖော်ပြသည်။

ကျန်းမာရေး၊ အလုပ်အကိုင်နှင့် သက်သာချောင်ချိရေးဝန်ကြီးဌာနက အလုပ်ရရှိနိုင်သည့် အချိုးသည် ယခင်တစ်လအတိုင်း မပြောင်းလဲဘဲ ၁ ဒသမ ၂၇ ပမာဏရှိကြောင်း ဖော်ပြသည်။

အဆိုပါပမာဏသည် အလုပ်ရှာဖွေသူ ၁၀၀ အတွက် အလုပ်ရရှိနိုင်ခြေ ၁၂၇ ရှိကြောင်း ဖော်ပြသည်။

ဆင်ဟွာ

# (၆၂) နှစ်မြောက် တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုသောအားဖြင့် ဘားအံမြို့နယ်၌ ကုန်ထုတ်လမ်းဖွင့်လှစ်

**ဘားအံ မတ် ၁**

၂၀၂၄ ခုနှစ် (၆၂)နှစ်မြောက် တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုသောအားဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ကရင်ပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် လမ်းအရှည် (၄/၆)မိုင်၊ အရှည် ၂၄ ပေ၊ တံတားခြောက်စင်းပါဝင်သော ရွှေတောကျေးရွာအုပ်စု ရွှေနတ်ကျွန်းကျေးရွာကုန်ထုတ်လမ်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါ ကုန်ထုတ်လမ်းမုခ်ဦး၌ ကျင်းပသည်။

ကုန်ထုတ်လမ်းဖွင့်ပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ယနေ့ဖွင့်လှစ်ပေးသည့် ကုန်ထုတ်လမ်းသည် နိုင်ငံတော်အစိုးရ၏ မူဝါဒ၊ လမ်းညွှန်ချက်နှင့်အညီ ကရင်ပြည်နယ်အစိုးရအဖွဲ့နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ချမှတ်ထားသည့် လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ကိုယ့်အား ကိုယ်ကိုးစိတ်ဓာတ်၊ မိမိတို့ကိုယ်တိုင်ဖွံ့ဖြိုးတိုးတက်လိုစိတ်များ မွေးမြူကြ၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တန်ဖိုးထားကြပြီး အကျိုးရှိရှိအသုံးပြုကြရန်နှင့် မိမိဒေသဖွံ့ဖြိုးတိုးတက်အောင်၊ ခေတ်မီသည့် စံပြကျေးရွာများဖြစ်အောင် ဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ကရင်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းနိုင်က ကုန်ထုတ်လမ်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားကာ ညွှန်ကြားရေးမှူးက ကုန်ထုတ်လမ်းဖွင့်ပွဲအထိမ်းအမှတ် အမှတ်တရလက်ဆောင်များပေးအပ်၍ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက အခမ်းအနားသို့ တက်ရောက်လာသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များက ရွှေတောကျေးရွာအုပ်စု ရွှေနတ်ကျွန်းကျေးရွာ ကုန်ထုတ်လမ်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး **(အပေါ်ပုံ)** လမ်းဖွင့်ပွဲသို့ တက်ရောက်လာကြသည့် ယဉ်ကျေးမှုဒိုးအဖွဲ့များကို ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ပြီး ကုန်ထုတ်လမ်းအား လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



# စာပေနှင့်သတင်းမီဒီယာဖွံ့ဖြိုးရေးဆိုင်ရာနှင့် ပြည်သူ့စစ်မှုထမ်းဥပဒေအကြောင်း ဟောပြောဆွေးနွေးပွဲကျင်းပ

**နေပြည်တော် မတ် ၁**

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီနှင့် မြန်မာနိုင်ငံစာရေးဆရာအသင်းတို့ ပူးပေါင်းပြီး စာပေနှင့်သတင်းမီဒီယာဖွံ့ဖြိုးရေးဆိုင်ရာနှင့် ပြည်သူ့စစ်မှုထမ်းဥပဒေအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးပွဲအခမ်းအနားကို ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံစာရေးဆရာအသင်း ခန်းမ၌ ယနေ့ နံနက်ပိုင်းက ကျင်းပသည်။



အခမ်းအနားသို့ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ အလုပ်အမှုဆောင်အဖွဲ့ဝင်၊ ကောင်စီဝင်များ မြန်မာနိုင်ငံစာရေးဆရာအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်စာရေးဆရာအသင်းများမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများနှင့် စာရေးဆရာအဖွဲ့ဝင်များ၊ ရန်ကုန်မြို့အခြေစိုက် တရားဝင်သတင်းမီဒီယာအသီးသီးမှသတင်းသမားများ၊ အယ်ဒီတာများ စုစုပေါင်း ၂၀၀ ခန့် တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ သတင်းမီဒီယာ ကောင်စီနှင့် မြန်မာနိုင်ငံစာရေးဆရာအသင်း ဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)က စာပေလောက၊ သတင်းမီဒီယာလောကအတွက် အရေးကြီးသည့် သစ္စာတရားနှင့် ကျင့်ဝတ်များ အကြောင်းကို ဟောပြောပြီး သတင်းတု၊ သတင်းမှားများ ဖြန့်ချိနေသည့် သစ္စာမဲ့ သတင်းဌာနများ၏ သတင်းများကို မယုံကြည်ကြရန်နှင့် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်သည် နိုင်ငံသားတိုင်းတွင် ရှိသင့်ရှိအပ်သည့် မွေးရာပါစိတ်ဓာတ်ဖြစ်ကြောင်း ဟောပြောသည်။

ဆက်လက်ပြီး မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ အတွင်းရေးမှူး ဦးအောင်ပြည့်စုံက ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် အတည်ပြုလိုက်သည့် ပြည်သူ့စစ်မှုထမ်းဥပဒေပါ အကြောင်းအရာများနှင့် ကောလာဟလသတင်းများ၊ သတင်းတုများအကြောင်း ဆွေးနွေးသည်။

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ကောင်စီဝင် ပါမောက္ခဒေါက်တာမြသိန်းဟန်က ပြည်သူများအနေဖြင့် တိုင်းပြည်ကို အမှန်တကယ် ချစ်မြတ်နိုးစေရန် ဆွေးနွေးပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံစာရေးဆရာအသင်း အတွင်းရေးမှူး ဦးညွှန့်တင်(မောင်ငြိမ်းသူ-ကြို့ပင်ကောက်)က တက်ရောက်လာသူများနှင့် ဟောပြောဆွေးနွေးခဲ့ကြသူများအား ကျေးဇူးတင်ကြောင်း ပြောကြားသည်။ **သတင်းစဉ်**

# ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာအသိပညာပေး

**စစ်ကိုင်း မတ် ၁**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ညွှန်ကြားမှုဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာ ရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက စစ်ကိုင်းတိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးနှင့် မြို့နယ်ရုံးရှိ ဝန်ထမ်းများအား တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူး ဦးသက်ဆိုင်အောင်က အမှာစကားပြောကြားပြီး လက်ထောက်ညွှန်ကြားရေးမှူး ဦးလှဝင်းက ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာသိကောင်းစရာများ ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**



## နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်

**နေပြည်တော် မတ် ၁**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်သည်။ **မိုး/ဇလ**

# ရန်ကင်းမြို့နယ်၌ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဖွင့်

**ရန်ကင်း မတ် ၁**

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အကြီးတန်းစာရေးနှင့် အငယ်တန်းစာရေး ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး မွမ်းမံသင်တန်း အမှတ်စဉ် (၁/၂၀၂၄) ကို ရန်ကင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သင်တန်းခန်းမ၌ ယနေ့နံနက်ပိုင်းက ဖွင့်လှစ်သည်။

သင်တန်းတွင် သဃ်န်းကျွန်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထူးလွင်က အမှာစကားပြောကြားပြီး**(အောက်ယာပုံ)** ရန်ကင်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမင်းမင်းလတ်က မွမ်းမံသင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ပြောကြားကာ သင်တန်းသားသင်တန်းသူများအား ရုံးလုပ်ငန်းဆိုင်ရာဘာသာရပ်များအား ပို့ချပေးသည်။

အဆိုပါသင်တန်းတွင် အကြီးတန်းစာရေးနှင့် အငယ်တန်းစာရေး စုစုပေါင်း ၃၀ တက်ရောက်ပြီး သင်တန်းကာလမှာ ဖေဖော်ဝါရီ ၂၆ ရက်မှ မတ် ၂၁ ရက်အထိ သင်တန်းကာလကို ရက်သတ္တပတ်လေးပတ် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**လှလှထွေး(ပြန်/ဆက်)**



# ရေနံချောင်းမြို့နယ်၌ သမဝါယမအသင်း အရပ်ရပ်ဆိုင်ရာ စည်းဝေး

**ရေနံချောင်း မတ် ၁**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်နှင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်များ၏ နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဖေဖော်ဝါရီ ၂၇ ရက်က မြို့နယ်သမဝါယမအသင်းစုရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်သမဝါယမအသင်းစု ဥက္ကဋ္ဌ ဦးသိန်းထိုက်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး တိုင်းဒေသကြီးသမဝါယမဦးစီးဌာနမှ ဒုတိယတိုင်းဦးစီးမှူး ဦးမင်းဇော်နိုင်က သမဝါယမအသင်းများ အနေဖြင့် ပေးဆပ်ရန်ကျန်ရှိသည့် EXIM Bank ကြွေးကျန်များကို အမြန်ဆုံးပေးဆပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်နှင့် ပေးဆပ်ပြီးသည့် အသင်းများအနေဖြင့် ရာသီအလိုက် သီးနှံများကို နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ပံ့ပိုးသည့် သွင်းအားစုများကို ရယူနိုင်ကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိဦးမျိုးနိုင်ဝင်းနှင့် တာဝန်ရှိသူများက သမဝါယမအသင်း လုပ်ငန်းဆိုင်ရာများနှင့် ရှေ့လုပ်ငန်းစဉ် အစီရင်ခံစာများကို ဖတ်ကြားအတည်ပြုသည်။

အဆိုပါ အခမ်းအနားသို့ မကွေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဦးမင်းဇော်နိုင်နှင့် တာဝန်ရှိသူများ၊ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ မြို့နယ်သမဝါယမအသင်းသားများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ဤတရားဆိုးများအပေါ် မေတ္တာလက်နက်ဖြင့်သာ ...

ဒေါက်တာ မြတ်မိုး

ယနေ့လူ့အဖွဲ့အစည်း၏ စရိုက်များ ၊ သုစရိုက်ထက် ဒုစရိုက်က များနေသည်၊ ကုသိုလ်အမှုထက် အကုသိုလ်က ပိုများနေသည်။ ကာယကံ၊ ဝစီကံမဟုတ်လျှင်တောင် မနောကံကမလွတ်၊ မိမိနှင့်ဆန့်ကျင်သူ မုန်းသူဖြစ်လျှင် မုန်းသည့်စိတ်ဖြင့် သေစေရန် တောင့်တကြ၊ ပျက်စီးမှုကို လိုလားကြသည်၊ သေပါစေ၊ ပျက်စီးပါစေသဘော။ သီလ၊ သမာဓိ၊ ပညာဂုဏ်ရှိသူပင်မချန် မစောင့်စည်းနိုင်ကြ၊ ပြစ်မှားကြံစည်လွန်းကြသည်။ ဗျာပါဒဟုခေါ်သည့် ဒေါသအခြေခံတရား ကိုယ့်သဘောတစ်ခုပင် ဖြစ်သည်၊ ရိုးရိုးဒေါသမဟုတ် ဒီလူသေသွားရင် ကောင်းမှာပဲ၊ ပျက်စီးသွားရင်ကောင်းမှာပဲ စသည်ဖြင့် လွယ်လွယ်ဖြစ်စေချင်ကြသည့် မနောကံ ဒုစရိုက်အတွေးများ.. တွေးရုံမျှနှင့်ပင် အကုသိုလ်ကံ အဘယ်မျှကြီးမားကြောင်း မသိကြ၍ဖြစ်သည်။

**သုံးသွယ်သော အကုသိုလ်ရေသောက်မြစ်**

ဒေါသဆိုသော အကုသိုလ်၏ အစွမ်းသတ္တိကား အားကြီးလွန်းလှသည်။ လားရာအနေဖြင့် ဘယ်လိုမှ ကောင်းနိုင်စရာမရှိ။ အကုသိုလ်စိတ်များ၏ အခြေခံသတ္တိနှင့် လားရာ စသည့်ထိုအချက်များကို မမြင်မသိခြင်းသည်ပင် မိစ္ဆာဒိဋ္ဌိ အယူမှားတစ်မျိုးဖြစ်နေသည်။ မိမိတို့၏ စိတ်၊ စေတသိက်များ၌ ကြမ်းကြမ်းတမ်းတမ်းဖြစ်နေအောင်၊ ရိုင်းစိုင်းအောင် ပြစ်မှားစော်ကားတာမျိုးတွေဖြစ်စေသော အခြေခံတရားသည် ဒေါသအမြစ် အားကြီးခြင်းကြောင့်ပါလား၊ ထိုဒေါသဟိတ်ကြီးကြောင့် ပူလောင်မှုတွေ ခံစားရသည်၊ အငြိုးအတေးတွေနှင့် မှတ်ကုန်သည်၊ အမုန်းတွေနှင့် နှလုံးသွင်းမှားကုန်သည်၊ သူတစ်ပါးကိုဒုက္ခရောက်အောင် ကြံစည်ကြတော့သည်။ ထိုထိုစိတ်တွေကြောင့် ရုပ်တွေလည်း ကြည့်ပါ၊ ကြမ်းတမ်းခက်ထန်သည့် အသွင်အပြင်များသာ ဖြစ်ကုန်သည်။ ဒေါသအရင်းအမြစ်တစ်ခုတည်းကြောင့်လည်းမဟုတ်နိုင်၊ လိုချင်တပ်မက်လွန်းအားကြီးသော အကုသိုလ်လောဘကို အခြေခံ၍လည်းဖြစ်မည်၊ ထို့ကြောင့် လောဘကျွန် ဖြစ်ကြရသည်၊ အာရုံမှန်သမျှ တပ်မက်လွန်း၊ လောဘအားကြီးတော့ သူတစ်ပါးပစ္စည်း၊ သူတစ်ပါးနေရာ မတရားသိမ်းပိုက်ချင်တော့သည်၊ လိုချင်တာ မရတော့ ဒေါသဖြစ်ရသည်။

နောက်ထပ် အခြေခံတရားတစ်ခုက အမှားကို အမှားမှန်း၊ အမှန်ကိုအမှန်မှန်း အကျိုး ရှိ မရှိ ခွဲခြားမသိနိုင်လောက်သည့် အသိဉာဏ်မဲ့မှု၊ အသိဉာဏ်နည်းတော့ တွေဝေသည်၊ ယုံမှားသံသယအားကြီးသွားသည်၊ တစ်ခုခုကို လေ့နံ့ခေးထစ်မှတ်ပိုးဖလံမျိုး မီးကိုတိုးတော့သည်၊ ငါသာမှန်သည်၊ သူက အမှားလက်ခံမှုတွေ၊ ပြောင်းပြန်တွေ ဖြစ်ကုန်သည်၊ ဤသည်ကား အကုသိုလ်အခြေခံတစ်ခုဖြစ်သော မောဟကြောင့်။ ဤအကုသိုလ် ကျေးဇူးတွေကြောင့် မိမိတို့မှာ ပြောမှားဆိုမှား၊ အလုပ်မှား၊ အပြုအမူအမှား မိုက်မိုက်ကန်းကန်း အမှားကြီးများ ကျူးလွန်မိသည်အထိ ဆိုက်ရောက်ကြရတော့သည်။

**ဒေါသ၏ အပြစ်များစွာ**

မိမိတို့မှာ ကိန်းနေသည့် ထိုအကုသိုလ်အခြေခံတွေကြောင့် အားလုံးမှာ အေးအေးချမ်းချမ်း သာသာယာယာမနေနိုင်ကြရတော့ပါ။ ပူပန်သောကတွေကြီးရသည်။ စိတ်ကို မထိန်းချုပ်နိုင်သည့်အခါ ရုပ်မှာ

**“ဒေါသဆိုသည်မှာ အကုသိုလ်တရားဆိုးဖြစ်သည်နှင့်အညီ ဒေါသ၏အပြစ်များကို မြင်ခဲ့ပြီးပါပြီ။ အမှားနှင့်အမှန် ခွဲခြားတတ်လျှင် အပြစ်ဖြစ်မှာကို ဘယ်တော့မှ လုပ်ဖြစ်မည်မထင်ပါ။ ပို၍ဆိုးမသွားအောင် အဆိုးကိုပယ်ဖို့ ကြိုးစားကြမည်သာဖြစ်သည်။ မေတ္တာလက်နက်ဖြင့် မေတ္တာထားခြင်းကို အကောင်းဆုံးသောစိတ် အလေ့အကျင့်တစ်ခုအဖြစ် ကြိုးစားအားထုတ်လျှင် ဖြစ်ပါသည်။ မေတ္တာတရားက မိမိကိုယ်မိမိ နှိမ့်ချမှုကိုပေးပြီး သည်းခံခြင်းဟူသော ခွန်အားကိုပေးစွမ်း”**

**မိမိတို့၏ စိတ်၊ စေတသိက်များ၌ ကြမ်းကြမ်းတမ်းတမ်းဖြစ်နေအောင်၊ ရိုင်းစိုင်းအောင် ပြစ်မှားစော်ကားတာမျိုးတွေဖြစ်စေသော အခြေခံတရားသည် ဒေါသအမြစ် အားကြီးခြင်းကြောင့်ပါလား၊ ထိုဒေါသဟိတ်ကြီးကြောင့် ပူလောင်မှုတွေ ခံစားရသည်၊ အငြိုးအတေးတွေနှင့် မှတ်ကုန်သည်၊ အမုန်းတွေနှင့် နှလုံးသွင်းမှားကုန်သည်၊ သူတစ်ပါး ကိုဒုက္ခရောက်အောင် ကြံစည်ကြတော့သည်။ ထိုထိုစိတ်တွေကြောင့် ရုပ်တွေလည်း ကြည့်ပါ၊ ကြမ်းတမ်းခက်ထန်သည့် အသွင်အပြင်များသာ ဖြစ်ကုန်သည်။ ဒေါသအရင်းအမြစ်တစ်ခုတည်းကြောင့်လည်း မဟုတ်နိုင်၊ လိုချင်တပ်မက်လွန်းအားကြီးသော အကုသိုလ်လောဘကို အခြေခံ၍လည်းဖြစ်မည်၊ ထို့ကြောင့် လောဘကျွန် ဖြစ်ကြရသည်၊ အာရုံမှန်သမျှ တပ်မက်လွန်း၊ လောဘအားကြီးတော့ သူတစ်ပါး ပစ္စည်း၊ သူတစ်ပါးနေရာ မတရားသိမ်းပိုက်ချင်တော့သည်၊ လိုချင်တာ မရတော့ ဒေါသဖြစ်ရသည်**

ပါ ဖောက်လွှဲဖောက်ပြန်တွေ ဖြစ်ကုန်သည်။ မတရားလုယက် တိုက်ကြ၊ ခိုက်ကြ အစုလိုက်၊ အပြုံလိုက် သတ်ကြ၊ ဖြတ်ကြသည်အထိ ဖြစ်ကြရသည်။ ပြန်ကြည့်တော့ စိတ်မချမ်းသာမှု၊ စိုးရိမ်မှု၊ ပူလောင်မှု၊ ကြမ်းတမ်းမှု၊ ဖျက်ဆီးမှု၊ ပျက်စီးမှု အားလုံးသည် ဒေါသနှင့်သာဆိုင်သည်။ ထိုဒေါသကြောင့်ပင် ကိုယ့်အကျိုးစီးပွား အဖျက်ခံရ၊ သူ့အကျိုးပျက်အောင်ကလဲ့စား အပြန်အလှန်တွေ ဖြစ်ကုန်သည်။

မိမိစိတ်အတွင်း ရန်သူဒေါသသည် အလွန်ဖြစ်လွယ်ပြီး အပြင်ရန်သူထက်လည်း ပိုဆိုးသည်။ စိတ်ထဲတွင် တနုံ့နုံ့ဖြင့် စိတ်ဖိစီး၊ စိတ်ပျက်၊ အစားပျက် အိပ်ပျက်သည်အထိ ဖြစ်ရသည်။ ထို့ကြောင့် မိမိတို့၏ ခံစားမှုများကို အလွယ်တကူဖော်ထုတ်မိကြပြီး သူရဲကောင်းသဖွယ် အလွန်အကျွံ ပြသကြသည့်အတွက် ရင့်ကျက်မှုမရှိရာ ရောက်ပါသည်။ တချို့ကလည်း မိမိဒေါသကို တမင်ပြသကြတာလည်းရှိသည်။ သို့သော် ထိုဒေါသကြောင့် တစ်ဦးနှင့်တစ်ဦး ယုံကြည်မှု နားလည်မှု ပျက်ရသည်ကို သတိမပြုမိကြ။ ဒေါသအားကြီးသူများဆိုလျှင် ဘာအာရုံပဲလာလာ အကောင်းဘက်မမြင်တော့၊ သံသယဝင် အဆိုးသာမြင်၍ မီးလောင်ရာလေပင့် အဆိုးဘက်ကို ပိုရောက်သွားတတ်သည်ကိုလည်း သတိမထားမိကြ။

ထို့ကြောင့် အတွင်းရန်သူသဘောကို မြင်အောင်ကြည့်၍ မြွေပွေးခါးပိုက်ပိုက်သလို မဖြစ်အောင် ဒေါသတရားဆိုးကို ပယ်သတ်နိုင်မှ လူ့အဖွဲ့အစည်းမှာ အတော်အတန် ငြိမ်းချမ်းမည်ဟု ဆိုနိုင်ပါမည်။ ပယ်သတ်ရမည်ဆိုသည်မှာ တစ်ခဏလေး တွေးမိပြောမိ၊ လုပ်မိရုံဖြင့် ဤဒေါသက သံသရာတစ်ခုလုံး တောက်လျှောက်ဒုက္ခပေးသွားပြီး ဘဝပေါင်းများစွာမှာ ပေးဆပ်ရမှာစိုး၍ဖြစ်ပါသည်။

**သီလ သမာဓိ ပညာသာ**

ထို့ကြောင့် ဒေါသဖြင့် အနိုင်ယူလိုစိတ်ကို ရှောင်စေချင်သည်၊ မလိုအပ်ဘဲ စိုးရိမ်မှုတွေ လျှော့ချစေလိုသည်၊ ပူပန်မှုတွေ လျှော့စေချင်သည်။ သူဘာလဲ၊ ငါဘာလဲ၊ မခံချင်မှု၊ ငြင်းခုံမှုများဖြင့် အပျက်မတွေးဘဲ အပြုဘက်ဆောင်၍ အကောင်းဘက်ကိုသာ ပိုမြင်စေလိုသည်။ လူမိုက်နှင့်ပြိုင်လျှင် ကိုယ်လည်းလူမိုက်၊ သူ့အကုသိုလ်က ကိုယ့်အကုသိုလ်ဖြစ်၍ ပျော်ရွှင်မှုမဖြစ် အကျည်းတန်ပါမည်။ အဘယ်ကြောင့်ဆိုသော် ထိုဒေါသတရားများကြောင့် မိမိကိုယ်တိုင် အရှုံးသမားဖြစ်သွားသောကြောင့်ဖြစ်သည်။

ထို့ကြောင့် မကောင်းသည့် ထိုဒေါသဆိုးကို လျှော့ဖို့၊ ပယ်ဖို့၊ သတ်ဖို့လိုလာပြီပေါ့။ ဤတွင် သီလ၊ သမာဓိ၊ ပညာတို့သာ အားကိုးရာ ဖြစ်တော့မည်။ သီလဖြင့် သီလရှိခိုက် သီလ ယူခိုက် အာရုံများမှ ဝေးကွာအောင်နေခိုက် ခေတ္တခဏလေးမှာသာ ဖြစ်လာသည့် ဒေါသကို လျှော့ချနိုင်သည်။ မစောင့်စည်းနိုင်သူအဖို့မှာတော့ ဒေါသကဝင်လွယ်မည်။ သမာဓိဖြင့်တော့ ဒေါသ၏ ပင်စည်ကိုသာ ဖြတ်တောက်နိုင်မှာဖြစ်ပြီး ဆိုင်ရာအာရုံတွေနှင့် တကယ်တမ်းတွေ့လာလျှင် တားနိုင်မှာမဟုတ်။ သို့သော်သမာဓိကြောင့်တော့သတိသည်အားကောင်းလာနိုင်ပြီး ထိုသတိဖြင့် ဒေါသကို ဒေါသဖြစ်မှန်းသိကာ ထိန်းချုပ်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် သတိကို အခြေခံ၍ သမာဓိတည်ငြိမ်မှုဖြင့် ပညာကိုသာ အားကိုးရပါမည်။

**သည်းခံခြင်းဖြင့်**

ဤသို့ဖြင့် ကျွန်တော်တို့သည် ပညာဉာဏ်ကလေးဖြင့် ဒေါသကို လျှော့ချနိုင်အောင် ကြိုးစားကြည့်စေချင်သည်။ ဒေါသဆိုသည်မှာ အကုသိုလ်တရားဆိုးဖြစ်သည်နှင့်အညီ ဒေါသ၏ အပြစ်များကို မြင်ခဲ့ပြီးပါပြီ။ အမှားနှင့်အမှန် ခွဲခြားတတ်လျှင် အပြစ်ဖြစ်မှာကို ဘယ်တော့မှ လုပ်ဖြစ်မည်မထင်ပါ။ ပို၍ဆိုးမသွားအောင် အဆိုးကိုပယ်ဖို့ ကြိုးစားကြမည်သာ ဖြစ်သည်။ မေတ္တာလက်နက်ဖြင့် မေတ္တာထားခြင်းကို အကောင်းဆုံးသောစိတ် အလေ့အကျင့်တစ်ခုအဖြစ် ကြိုးစားအားထုတ်လျှင် ဖြစ်ပါသည်။ မေတ္တာတရားက မိမိကိုယ်မိမိ နှိမ့်ချမှုကို ပေးပြီး သည်းခံခြင်းဟူသော ခွန်အားကို ပေးစွမ်းပါသည်။

**“သည်းခံခြင်းထက်သာလွန်သော အကျိုးစီးပွားဟူသည်မရှိ”**ဟူ၍လည်း မြတ်စွာဘုရားက ဟောကြားထားသည် မဟုတ်ပါလား။ မေတ္တာဟူသည် သူတစ်ပါး၏ အကျိုးကို လိုလားပြီး လိုလိုလားလား ဆောင်ရွက်ပေးခြင်းမည်ပါသည်။ ကိုယ့်အတွက်မပါ သူ့အကျိုးကိုလိုလားစွာလုပ်ပေးနေခြင်းသည်ပင် စစ်မှန်သော မေတ္တာဖြစ်သည်။ ထို့အပြင် ဒေါသ တရားဆိုး၏ အပြစ်ကိုသိပါမှလည်း သည်းခံခြင်းနှင့်မေတ္တာတရားကို ထမ်းရွက်နိုင်စွမ်းရှိပါမည်။

**သူ့ဒေါသ ကိုယ့်ဒေါသဘယ်လိုဖြေဖျောက်ကြမလဲ**

မြတ်စွာဘုရား၏ အဆုံးအမကိုလိုက်နာခြင်းဖြင့် ဒေါသအပြစ်ကိုသိထားလျှင် ဒေါသထွက်စရာ အကြောင်းမရှိတော့သည့်အတွက် မိမိကိုယ်မိမိ ဆုံးမ၍ ဒေါသကိုပယ်နိုင်ဖို့ ကြိုးစားနိုင်ပါသည်။ **“သူမသိလို့ ပြောနေတာပဲ”၊ “သူနားမလည်လို့ လုပ်မိတာပဲ”၊ “သူ့မှာလည်း ကောင်းတာတွေရှိခဲ့တာပဲ”**၊ ကောင်းကွက်ကိုယူ၍ သူ၏ကောင်းကွက် အမူအရာ၊ အပြောအဆိုကို အဖန်တလဲလဲ ပြန်မြင်ယောင်ဆင်ခြင်ပြီး အဆိုးဘက်ကို မမြင်အောင်နေလိုက်ခြင်းကပင် ဒေါသကို အထိုက်အလျောက် ပြေပျောက်နိုင်ပါသည်။

ဝိသုဒ္ဓိမဂ်တရား၏ အကျိုးကျေးဇူးများကြောင့် ကျွန်တော်တို့ မေတ္တာပွားနည်း ကမ္မဋ္ဌာန်း စီးဖြန်းပုံများ သိနားလည်ခွင့်ရခဲ့ကြသည်။ ထိုထိုပွားနည်းအတိုင်း အဖန်တလဲလဲ မေတ္တာပို့ခြင်းဖြင့် အမျက်ဒေါသကို ပြေငြိမ်းပယ်ဖျောက်နိုင်ပါသည်။ မသိနားမလည်လို့ ဒေါသထွက်သူကို ပိုသိ၊ ပိုနားလည် ပညာပိုတတ်သူက ဒေါသဖြင့်ပြန်လည် တုံ့ပြန်မိကလည်း သူ့ထက်ပင် သာ၍ယုတ်မာသူ ဖြစ်သွားနိုင်သည်။ ထိုသဘောကိုလည်း သတိချပ်သင့်သည်။ တစ်ခါတစ်ရံ ပြင်းစွာ ဒေါသထွက်နေသူအပေါ် ဘာမှပြန်မပြောဘဲ နေလိုက်ခြင်း၊ နေရာမှ ရှောင်ထွက်သွားခြင်းက ကိုယ့်အတွက်၊ သူ့အတွက် ဒေါသ လျှော့ပါးသွားတတ်သည်ကို မကြာခဏကြုံဖူးသည်။ တစ်ခါတစ်ရံ သူ့ကိုကြည့်ပြီး အလိုလို ဒေါသထွက်နေတာမျိုး၊ သူက ဘာမှ လုပ်နေတာမဟုတ် ကိုယ့်ကြောင့်

*စာမျက်နှာ ၁၇ သို့*

# ရွှေတိဂုံစေတီတော်သို့ တိပိဋကယောဆရာတော်ကြီးက ရွှေစင်တစ်ပိဿာကျော်လှူဒါန်း

**ရန်ကုန် မတ် ၁**

ရွှေတိဂုံစေတီတော်သို့ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ ယောဆရာတော်ကြီးက ရွှေစင်တစ်ပိဿာကျော် လှူဒါန်းရာတွင် ဆရာတော်ကြီး၏ ဆန္ဒအတိုင်း ပကာသနမပါဘဲ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ဆရာတော်ကြီး၏ ကပ္ပိယဖြစ်သူ ဦးဝင်းသိန်းက အခမ်းအနား တက်ရောက်ခွင့်မရသူများနှင့် အလှူနှင့် ပတ်သက်၍ မေးမြန်းမှုများ ရှိနေသည့်အပေါ် ၎င်း၏ လူမှုကွန်ရက်ဖေ့စ်ဘွတ် စာမျက်နှာထက်တွင် ဖော်ပြရှင်းလင်း အသိပေးထားခြင်း ဖြစ်သည်။

မြတ်စွာဘုရားရှင်၏ "ရွှေဉာဏ်တော်" ကို ရည်စူး၍ ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် ရွှေစင်ရွှေပြားကပ်လှူရန်အတွက် တိပိဋကယောဆရာတော်ကြီးက ကျပ်သိန်းပေါင်း ၄၃၀၀ ခန့် တန်ဖိုးရှိသော ရွှေစင်တစ်ပိဿာ၊ ရွှေဒင်္ဂါးပြားတစ်ပြားနှင့် နိုင်ငံတော်က ဆက်ကပ်ခဲ့သော သီရိပျံ့ချီဘွဲ့ (ရွှေစင် ၆ ကျပ်သား) ကို ဖေဖော်ဝါရီ ၂၇ ရက်က ရွှေတိဂုံစေတီတော် ဂေါပကလူကြီးများ၊ တိုင်းဒေသကြီး သာသနာရေးမှူးတို့ထံ လွှဲပြောင်းလှူဒါန်းခဲ့ခြင်းဖြစ်သည်။

"ရွှေတိဂုံစေတီတော်မြတ်ကြီးအား ယောဆရာတော်ကြီးက ရွှေလှူခဲ့တာကို သတင်းအနေနဲ့ပဲ ပို့စ်တင်ခဲ့ပါတယ်။ မြင်သိရရင် ဝမ်းသာပီတိနဲ့ သာဓုခေါ်စေချင်လို့ပါ။ တချို့က အခမ်းအနားကို တက်ရောက်ခွင့်မရတာရော၊ အလှူနဲ့ဆက်စပ်ပြီး မေးကြ၊ ပြောကြလို့ အမှန်အတိုင်း တင်ပြပေးပါ့မယ်။ ဆရာတော်ကြီးရဲ့ ဒကာအရင်းလည်းဖြစ်၊ ရန်ကုန်မှာ ရာစုနှစ်များစွာ အောင်မြင်နေတဲ့ ရွှေဆိုင်ပိုင်ရှင်မိသားစုက အပ်အပ်စပ်စပ်ဖြစ်အောင်လျှော်ပြီး ဆရာတော်ကြီး ဆန္ဒရှိတဲ့နေရာမှာ လှူနိုင်အောင် လှူခဲ့တာပါ" ဟု ဦးဝင်းသိန်းက ရေးသားထားသည်။

ယခုလဆန်းပိုင်းတွင် ရွှေအားလုံးကို ဘုရားသို့ လှူဒါန်းလိုကြောင်း ဦးဝင်းသိန်း အပါအဝင် ဆရာတော်ကြီး၏ ဘဏ္ဍာထိန်း သုံးဦးကို ခေါ်ယူကာ မိန့်ကြားခဲ့ခြင်းဖြစ်ကြောင်းလည်း သိရသည်။



"အလှူနဲ့ပတ်သက်တာအားလုံး အစအဆုံးကို ဆရာတော်ကြီး မိန့်တဲ့အတိုင်း ပကာသနမပါဘဲ လုပ်ခဲ့တာပါ"ဟု ဦးဝင်းသိန်းက ရေးသားအသိပေးထားသည်။

**ထက်ဦးမောင်**

---

*စာမျက်နှာ ၁၆ မှ*

ကိုယ့်ဒုက္ခ ကိုယ်ဖြစ်နေတာမျိုးလည်း ရှိတတ်သည်။ သူကိုယ်တိုင်က ကိုယ့်ကိုဒုက္ခအမျက် မထွက်ထွက်လာအောင် လာဆွပေးနေသလိုမျိုး မြင်သင့်သည်။

### ပညာဉာဏ်ဖြင့်ဆင်ခြင်၍

ကိုယ့်ဆီမှာ ဒေါသအမျက်မထွက်ပေါ်အောင် ဆင်ခြင်ရန် တရားသဘောများစွာ ရှိပါသည်။ ဒေါသကို ချေဖျက်မည့် ပညာဉာဏ်များပင်ဖြစ်သည်။ မိမိတို့သည် အမှန်တကယ် ကံတရား၏ အမွေခံများ မဟုတ်ပါလား၊ ကံသာလျှင် ဆွေမျိုး ကံသာလျှင် အားကိုးရာ ဖြစ်ပါသည်။ ဒေါသထွက်သောသူသည် အတိတ်ကံကြောင့်သာ ဖြစ်နေရသည်။ ယခုလို ပြုမိသော အကုသိုလ်ကံကြောင့် အထူးသဖြင့် ကိလေသာစင်ကြယ်သော သီလ၊ သမာဓိ၊ ပညာ ပြည့်စုံသောသူများအပေါ်တွင် ပြုမိမှားမှုကြောင့် ယခုဘဝ နောင်ဘဝ သူ့ခမျာ မကောင်းကျိုးများ ပြန်ခံရပေဦးမည်။ သနားစရာအဖြစ်သာ မြင်မိတော့သည်။ ကိုယ်လည်း ဒီလိုကြားရ၊ မြင်ရ စိတ်မချမ်းသာ ဖြစ်ရခြင်းသည်လည်း အတိတ်ကံမကောင်းခဲ့လို့ပဲဟူသော ဆင်ခြင်မှုများသည် ကုသိုလ်အတွက် လွန်စွာအထောက်အကူ ဖြစ်ပါသည်။

မိမိတို့ ယခုဘဝမှာ တွေ့ဆုံရသူအချင်းချင်းသည် သံသရာတစ်လျှောက် ဆွေမျိုးတော်စပ်ခဲ့ကြဖူးသူများဟုလည်း ဆင်ခြင်မိပါသလား၊ အမှန်ပင် မိမိတို့သည် သံသရာတစ်လျှောက် ဆွေမျိုးတော်စပ်ခဲ့ကြဖူးပါသည်။ မိခင်၊ ဖခင်မဖြစ်ဖူးသူ၊ ညီအစ်ကို မောင်နှမ မဖြစ်ဖူးသူ၊ သားသမီး မဖြစ်ဖူးသူဟူ၍ မရှိပါ၊ အပြန်အလှန်ကျေးဇူးပြုခဲ့ဖူးကြ၍ ယခုဘဝ ပြန်ဆုံကြခြင်းသာဖြစ်သည်။ ထိုသို့ဆင်ခြင်မိလျှင် မိမိကစ၍ အမျက်ထွက်ရန်မသင့်တော့ဘဲ သူအမျက်ထွက်သည်ကိုလည်း သည်းခံခွင့်လွှတ်သွားနိုင်မည်ဖြစ်သည်။

တရားသဘောဖြင့် ဆင်ခြင်ခြင်းကိုက ကုသိုလ်များစွာ ရနေပါသည်။ ပရမတ် သဘောဖြင့်ဆင်ခြင်လျှင် အမှန်မှာ ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါးသာရှိသည်။ ဘယ်လိုမှ အစိုးမရသော အမြင်၊ အသံ၊ အနံ့ စသည့် အာရုံရုပ်များနှင့် စက္ခု၊ သောတ စသည့် ပသာဒရုပ်များအကြောင်း တိုက်ဆိုင်မိ၍ ဖြစ်ပေါ်လာသော မြင်သိစိတ်၊ ကြားသိစိတ်များနှင့်အတူ ယဉ်တွဲပါလာသော စိတ်ခံစားမှုများ စိတ်မချမ်းသာမှု ၊ ချမ်းသာမှု စသည်များသည် ဒုက္ခသဘောသာဖြစ်သည်။ ဆိုလိုသည်မှာ ပြင်ပအာရုံကလည်း ကိုယ်အစိုးမရသည့် အကြောင်းတရား၊ ကိုယ်မျက်စိ၊ နား၊ နှာခေါင်း၊ လျှာတို့ကလည်း အတိတ်ကံကြောင့် ရရှိလာသည့် ရုပ်များသာ၊ ဤအကြောင်းတရားတွေကြောင့် ဖြစ်လာရသည့် အကျိုးတရားကား ဒေါမနဿ၊ ဘာမှမပိုင်၊ အစိုးမရတာချင်း တိုက်ဆိုင်မိ၍သာ ဖြစ်လာရသည့် ဤဒေါသသည်လည်း ကိုယ်မပိုင်ပါ၊ ကြားသည့်ခဏ ထိမိသည့်ခဏမှာ ဖြစ်လာသည့် ဒေါသလည်း ခဏပါပဲ၊ ကိုယ့်ဆီမှာ ဘာမှမတည်၊ ဘာမှမမြဲ၊ အနိစ္စသဘောကို လေ့ကျင့်အားထုတ်ထားသူအဖို့ဖြစ်ပြီး ပျက်သွားတာပါပဲ။ ဒီလိုတရားသဘောတွေကို မိမိကြားခိုက်၊ မြင်ခိုက်ခဏမှာ အနိစ္စသဘော၊ အနတ္တသဘောကို ပညာဉာဏ်ဖြင့် ဆင်ခြင်ခြင်းဖြင့် ဒေါသကို ဒေါသမှန်း ချက်ချင်းသိပြီး ကုသိုလ်တွေသာ တိုး၍တိုး၍ ရနေပါတော့သည်။ မဆင်ခြင်မိ၍ စိတ်ထဲမှာ တနုံ့နုံ့တွေးရင်း တွေးရင်းနှင့်မူ အကုသိုလ် ဒေါသဇောတွေသာ ဆင့်၍ဆင့်၍ လိုက်ပါနေမည်ဖြစ်သည်။

လူဟူသော ပုထုဇဉ်မှာ ဒေါသဟိတ်သည် အကုသိုလ် ရေသောက်မြစ် ဟိတ်ခြောက်ပါး အနက် တစ်ခုအပါအဝင်ဖြစ်သည်။ တချို့က ဒေါသဖြစ်တာသည် ပုံမှန်စိတ်တစ်ခုဟုလည်း အယူရှိကြသည်။ သို့သော် ဗုဒ္ဓမြတ်စွာဘုရားက ကံ၊ ကံ၏ အကျိုးတရားနှင့်ယှဉ်၍ အကြောင်းနှင့် အကျိုးဆက်စပ်ထားသည်ဖြစ်ရာ ထိုဆက်စပ်မှုကို မကောင်းမှုအဖြစ် သံသရာမှာ ပါမသွားရလေအောင် လျှော့ချတားဆီးရမည်သာ ဖြစ်ပါသည်။ လိုချင်တာကို ရဖို့ဆိုလျှင် ဒေါသကိုရှေ့မထားသင့်၊ သို့မှသာ မိမိစိတ်ငြိမ်းချမ်းမှာဖြစ်ပြီး ထိုမှတစ်ဆင့် မိမိပတ်ဝန်းကျင်၊ မိမိလူ့အဖွဲ့အစည်းနှင့် လောကကြီးအထိ ငြိမ်းချမ်းအောင်လုပ်နိုင်မှာ ဖြစ်သည်။

အတွင်းမီး မငြိမ်းသရွေ့တော့ ပြင်ပအပူကို အေးစေနိုင်မည်မဟုတ်ပါ။ အတွင်းရန် အောင်မှ အပြင်ရန်အောင်ပါမည်။ တစ်ခဏလေးပဲဖြစ်ဖြစ် ပယ်သတ်နိုင်အောင် ကြိုးစားပေးပါ။ တစ်ခဏ ဒေါသတောင် မပယ်နိုင်သူသည် ကမ္ဘာဖျက် လက်နက်ခလုတ်ကိုနှိပ်မိလျှင် အဘယ်သို့ဖြစ်မည်နည်း...စဉ်းစားကြည့်ပါ။။ ထို့ကြောင့် ဒေါသက လူသတ်လက်နက်ထက် ပို၍ဆိုးသည်ဟုဆိုခြင်း ဖြစ်သည်။ သို့ဖြစ်၍ ကျွန်တော်တို့အားလုံး မီးကို မီးဖြင့် အနိုင်မယူဘဲ မေတ္တာအအေးဓာတ်ဖြင့်သာ ငြိမ်းအောင်ကြိုးစားကြရအောင်သာ မေတ္တာဖြင့် မျှဝေလိုက်ရပါသည်။ ။

---


မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော် |
| ဘာသာပြန် စာတည်း | - | ချိုးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်း သတင်းထောက်များ | - | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၀၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁ - ၃ - ၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၄၈၅ ကျပ် | ၂၅၃၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၅၂၅ ကျပ် | ၂၅၇၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၇၁၅ ကျပ် | ၂၇၆၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၈၃၅ ကျပ် | ၂၈၈၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)



မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောပွဲနှင့် လက်တွေ့မီးငြိမ်းသတ်ခြင်း သရုပ်ပြပွဲကို ဖေဖော်ဝါရီ ၂၈ ရက်က ရန်ကုန်အဝေးသင်တက္ကသိုလ်၌ ကျင်းပရာ ရန်ကုန်အဝေးသင်တက္ကသိုလ်ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ သင်ကြားရေးနှင့် စီမံရေးရာဌာနများရှိ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများ တက်ရောက်ကြပြီး ကမာရွတ်မြို့နယ် မီးသတ်ဦးစီးဌာနဦးစီးမှူး ဦးဝင်းဝင်းထွန်းနှင့် တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူးအသုံးပြုပုံ ရှင်းလင်းပြသစဉ်။

အာကာလင်း

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၃၀၀ | ၈၃၀၀ | ၇၀၇ | ၅၈၆၈၁၀၀ |
| MTSH | ၂၉၀၀ | ၂၉၅၀ | ၁၀၉၁၂ | ၃၁၆၄၅၈၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၅၅၀ | ၁၅၀၀ | ၆၀၀၅ | ၉၀၀၇၇၅၀ |
| TMH | ၂၅၀၀ | ၂၅၀၀ | ၂ | ၅၀၀၀ |
| EFR | ၁၇၀၀ | ၁၇၅၀ | ၁၈၅ | ၃၁၅၅၀၀ |
| AHPC | ၀ | ၀ | ၀ | ၀ |
| MAEPC | ၁၇၅၀ | ၁၇၅၀ | ၁၂၈၄၉ | ၂၂၄၈၂၇၅၀ |

ယခုတစ်ပတ် ပရီမီယာလိဂ် ပွဲစဉ် (၂၇) မှာ မန်စီးတီးနဲ့ မန်ယူ ထိပ်တိုက်တွေ့ဆုံနေတဲ့ ပွဲစဉ်အပါအဝင် အမှတ်ပေးဇယားကို ပြတ်သားတဲ့ရလဒ်နဲ့ ဦးဆောင်ဖို့ ကြိုးစားလာမယ့် လီဗာပူးက တန်းဆင်းဇုန်ဖိအားရှိတဲ့ နော်တင်ဟမ်၊ တန်းဆင်းဇုန်က လွတ်မြောက်ဖို့ ရမှတ်လိုအပ်နေတဲ့ ရှက်ဖီးလ်က အသင်းကြီး အာဆင်နယ် စတဲ့ အသင်းတို့ တွေ့ဆုံနေပါတယ်။

# တိုက်စစ်ပိုင်းသာလွန်တဲ့ မန်စီးတီးကို ခံစစ်အားနည်းတဲ့ မန်ယူ ကျော်ဖြတ်ဖို့မလွယ်

| ပရီမီယာလိဂ် ပွဲစဉ် (၂၇) | |
|---|---|
| ၂-၃-၂၀၂၄ | စနေနေ့ |
| ဘရန့်ဖို့ဒ် – ချယ်ဆီး | ည ၉း၃၀ |
| အဲဗာတန် – ဝက်စ်ဟမ်း | ည ၉း၃၀ |
| ဖူလ်ဟမ် – ဘရိုက်တန် | ည ၉း၃၀ |
| ကာဆယ် – ဝုဖ် | ည ၉း၃၀ |
| နော်တင်ဟမ်– လီဗာပူး | ည ၉း၃၀ |
| စပါး – ပဲလေ့စ် | ည ၉း၃၀ |
| လူတန် – ဗီလာ | နံနက် ၀၀း၀၀ |
| ၃-၃-၂၀၂၄ | တနင်္ဂနွေနေ့ |
| ဘန်လေ – ဘုန်းမောက် | ည ၇း၃၀ |
| မန်စီးတီး – မန်ယူ | ည ၁၀း၀၀ |
| ၄-၃-၂၀၂၄ | တနင်္လာနေ့ |
| ရှက်ဖီးလ် – အာဆင်နယ် | နံနက် ၂း၃၀ |

## မန်စီးတီး VS မန်ယူ

မန်စီးတီးနဲ့ မန်ယူအသင်း တွေ့ဆုံမှု နောက်ဆုံး သုံးပွဲရလဒ်

| | | | |
|---|---|---|---|
| မန်ယူ | ၀ – ၃ | မန်စီးတီး | ပရီမီယာလိဂ် |
| မန်စီးတီး | ၂ – ၁ | မန်ယူ | အက်ဖ်အေ |
| မန်ယူ | ၂ – ၁ | မန်စီးတီး | ပရီမီယာလိဂ် |

ဒဏ်ရာကြောင့် အဓိက တိုက်စစ်ကစားသမား ဟွိုက်လန်း ပါဝင်ကစားနိုင်ဖွယ် မရှိတဲ့ မန်ယူအသင်းရဲ့ ခြေစွမ်းက အားရစရာမရှိဘူး။ ပြိုင်ဘက်မန်စီးတီးအသင်းမှာ ဟာလန်း၊ ဒီဘရိုင်းတို့ အထူးခြေစွမ်းပြသနေတဲ့အပြင် အသင်းလိုက်စွမ်းဆောင်မှုကလည်း အကောင်းဆုံးပုံစံမှာရှိတာကြောင့် မန်ယူအသင်း အနိုင်ယူကျော်ဖြတ်ဖို့ မလွယ်ဘူး။

## နော်တင်ဟမ် VS လီဗာပူး

နော်တင်ဟမ်နဲ့ လီဗာပူးအသင်း တွေ့ဆုံမှု နောက်ဆုံး သုံးပွဲရလဒ်

| | | | |
|---|---|---|---|
| လီဗာပူး | ၃ – ၀ | နော်တင်ဟမ် | ပရီမီယာလိဂ် |
| လီဗာပူး | ၃ – ၂ | နော်တင်ဟမ် | ပရီမီယာလိဂ် |
| နော်တင်ဟမ် | ၁ – ၀ | လီဗာပူး | ပရီမီယာလိဂ် |

ပြီးခဲ့တဲ့ပွဲစဉ်မှာ နော်တင်ဟမ်အနေနဲ့ မန်ယူကို ရှုံးနိမ့်ခဲ့တယ်ဆိုပေမယ့် အသင်းရဲ့ စွမ်းဆောင်ရည်ပိုင်း ကျစ်လျစ်တာတွေ့ရတယ်။ လီဗာပူးအသင်းမှာ အားထားရတဲ့ ကစားသမားအများအပြား ထိခိုက်ဒဏ်ရာရထားလို့ လူစုံပါဝင်လာဖွယ်မရှိဘူး။ သို့သော်ငြား စွမ်းဆောင်ရည်ပိုင်းတည်ငြိမ်မှုနဲ့အတူ နိုင်ပွဲရရေးဦးတည်လာမယ့် လီဗာပူးကို နော်တင်ဟမ်အသင်း အကြိတ်အနယ်ကစားရဖွယ်ရှိပြီး အနိုင်ရဖို့ မလွယ်ကူတဲ့ အခြေအနေမှာ ရှိတယ်။

## ဘန်လေ VS ဘုန်းမောက်

ဘန်လေနဲ့ ဘုန်းမောက်အသင်း တွေ့ဆုံမှု နောက်ဆုံး သုံးပွဲရလဒ်

| | | | |
|---|---|---|---|
| ဘုန်းမောက် | ၂ – ၁ | ဘန်လေ | ပရီမီယာလိဂ် |
| ဘုန်းမောက် | ၂ – ၄ | ဘန်လေ | အက်ဖ်အေ |
| ဘန်လေ | ၀ – ၂ | ဘုန်းမောက် | အက်ဖ်အေ |

ရှုံးပွဲဆက်နေတဲ့ အသင်းအချင်းချင်းတွေ့ဆုံမှုကြောင့် ပြိုင်ဆိုင်မှုပြင်းထန်လာမှာ သေချာတယ်။ အထူးသဖြင့် ဘန်လေအသင်းက ပြီးခဲ့တဲ့နှစ် ဒီဇင်ဘာလက ဖူလ်ဟမ်ကို နှစ်ဂိုးပြတ်နိုင်ပွဲရပြီး နောက်ပိုင်း နိုင်ပွဲပျောက်ဆုံးနေတာ ဖြစ်တယ်။ ဘုန်းမောက်အသင်းထက် ဘန်လေ အသင်းက တန်းဆင်းဇုန်အတွင်း ရပ်တည်နေပြီး မဖြစ်မနေနိုင်ပွဲရဖို့ လိုအပ်နေတယ်။ ဒါကြောင့် ဘန်လေအသင်းရဲ့ ရုန်းအားကိုကြည့်ရမယ်။

## ရှက်ဖီးလ် VS အာဆင်နယ်

ရှက်ဖီးလ်နဲ့ အာဆင်နယ်အသင်း တွေ့ဆုံမှု နောက်ဆုံး သုံးပွဲရလဒ်

| | | | |
|---|---|---|---|
| အာဆင်နယ် | ၅ – ၀ | ရှက်ဖီးလ် | ပရီမီယာလိဂ် |
| ရှက်ဖီးလ် | ၀ – ၃ | အာဆင်နယ် | ပရီမီယာလိဂ် |
| အာဆင်နယ် | ၂ – ၁ | ရှက်ဖီးလ် | ပရီမီယာလိဂ် |

ရှက်ဖီးလ်က အမှတ်ပေးဇယားအောက်ဆုံးရပ်တည်နေပြီး ခံစစ်အဆိုးရွားဆုံးအသင်းအဖြစ် ရပ်တည်နေတယ်။ အာဆင်နယ်က ရှက်ဖီးလ်အသင်းထက် ဘက်စုံထောင့်စုံ သာလွန်မှုရှိတယ်။ အထူးသဖြင့် နောက်ပိုင်းပွဲစဉ်တွေမှာ တိုက်စစ်ပိုင်းက သိသိသာသာ တိုးတက်လာတာ တွေ့ရတယ်။ မည်သို့ပင်ဆိုစေ ခံစစ်ဆိုးရွားတဲ့ ရှက်ဖီးလ်အနေနဲ့ အာဆင်နယ်ကို အမြင့်ဆုံးသရေသာရဖွယ်ရှိတယ်။

မတ် ၆ ရက် နံနက်ပိုင်းနဲ့ ၇ ရက် နံနက်ပိုင်းမှာ ယူအီးအက်ဖ်အေချန်ပီယံလိဂ် ၁၆ သင်းအဆင့်မှ ဒုတိယအကျော့ပွဲစဉ်တွေကို ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် ယခု ဒုတိယအကျော့မှာ ဘယ်အသင်းတွေ အသာရပြီး နောက်တစ်ဆင့်တက်လှမ်းသွားမလဲ စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

# ချန်ပီယံလိဂ် (၁၆) သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်များ ယှဉ်ပြိုင်ကစားမည်

| ချန်ပီယံလိဂ်ပြိုင်ပွဲ ၁၆ သင်းအဆင့် (ဒု–ကျော့) | |
|---|---|
| ၆-၃-၂၀၂၄ | |
| ဗုဒ္ဓဟူးနေ့ နံနက် ၂း၃၀ | |
| ဆိုစီဒက် | ပီအက်စ်ဂျီ |
| ဘိုင်ယန်မြူးနစ် | လာဇီယို |
| ၇-၃-၂၀၂၄ | |
| ကြာသပတေးနေ့ နံနက် ၂း၃၀ | |
| မန်စီးတီး | ကိုပင်ဟေဂင် |
| ရီးရဲမက်ဒရစ် | လိုက်ပ်ဇစ် |

## ဆိုစီဒက် VS ပီအက်စ်ဂျီ

| ချန်ပီယံလိဂ်နောက်ဆုံးသုံးပွဲရလဒ် | ချန်ပီယံလိဂ်နောက်ဆုံးသုံးပွဲရလဒ် |
|---|---|
| ဆိုစီဒက် ၀–၀ ဆောလ်ဘတ် | ပီအက်စ်ဂျီ ၁ – ၁ ကာဆယ် |
| အင်တာမီလန် ၀–၀ ဆိုစီဒက် | ဒေါ့မွန် ၁ – ၁ ပီအက်စ်ဂျီ |
| ပီအက်စ်ဂျီ ၂–၀ ဆိုစီဒက် | ပီအက်စ်ဂျီ ၂ – ၀ ဆိုစီဒက် |

ပထမအကျော့မှာ ပီအက်စ်ဂျီက အမ်ဘာပေ၊ ဘာကိုလာတို့ရဲ့ သွင်းဂိုးတွေနဲ့ နှစ်ဂိုးပြတ် အနိုင်ရထားတယ်။ အဲ့ဒီပွဲစဉ်မှာ ပီအက်စ်ဂျီအသင်းရဲ့ ဖိအားပေးမှုအောက် ဆိုစီဒက်အသင်း ပုံစံကောင်းပျောက်ဆုံးခဲ့တယ်။ ဂိုးရရှိနိုင်တဲ့ ဖန်တီးမှုအပြင် ဂိုးပေါက်တည့်မတ်အောင်ပင် စွမ်းဆောင်နိုင်ခြင်း မရှိခဲ့ဘူး။ ဆိုစီဒက်နိုင်ဖွယ်ရှိပေမယ့် နောက်တစ်ဆင့်ကို ပီအက်စ်ဂျီ တက်မယ်။

## ဘိုင်ယန်မြူးနစ် VS လာဇီယို

| ချန်ပီယံလိဂ်နောက်ဆုံးသုံးပွဲရလဒ် | ချန်ပီယံလိဂ်နောက်ဆုံးသုံးပွဲရလဒ် |
|---|---|
| ဘိုင်ယန် ၀ – ၀ ကိုပင်ဟေဂင် | လာဇီယို ၂ – ၀ ဆဲလ်တစ် |
| မန်ယူ ၀ – ၁ ဘိုင်ယန် | အေတီမက် ၂ – ၀ လာဇီယို |
| လာဇီယို ၁ – ၀ ဘိုင်ယန် | လာဇီယို ၁ – ၀ ဘိုင်ယန် |

ဘိုင်ယန်မြူးနစ်အိမ်ကွင်းမှာ လာဇီယိုအသင်း အနိုင်ရဖို့ မလွယ်ဘူး။ ဘိုင်ယန်မြူးနစ် အသင်းအနေနဲ့ ယခု ဒုတိယအကျော့မှာ ပြတ်သားတဲ့ရလဒ်ထွက်ပေါ်မှသာ နောက်တစ်ဆင့်တက်လှမ်းနိုင်မှာဖြစ်တယ်။ မည်သို့ပင်ဆိုစေ လာဇီယိုကို ခက်ခက်ခဲခဲ ကစားပြီး ဘိုင်ယန်မြူးနစ်အသင်း နောက်တစ်ဆင့် တက်လှမ်းဖွယ်ရှိတယ်။

## မန်စီးတီး VS ကိုပင်ဟေဂင်

| ချန်ပီယံလိဂ်နောက်ဆုံးသုံးပွဲရလဒ် | ချန်ပီယံလိဂ်နောက်ဆုံးသုံးပွဲရလဒ် |
|---|---|
| မန်စီးတီး ၃ – ၂ လိုက်ပ်ဇစ် | ဘိုင်ယန် ၀ – ၀ ကိုပင်ဟေဂင် |
| ရက်စတား ၂ – ၃ မန်စီးတီး | ကိုပင်ဟေဂင်၁– ၀ ဂါလာတာစရေး |
| ကိုပင်ဟေဂင် ၁ – ၃ မန်စီးတီး | ကိုပင်ဟေဂင် ၁ – ၃ မန်စီးတီး |

ပထမအကျော့မှာ ဂိုးပြတ်အနိုင်ရထားတဲ့ မန်စီးတီးကို ယခု ဒုတိယအကျော့မှာလည်း ကိုပင်ဟေဂင်အသင်း အသာရဖွယ်မရှိဘူး။ ကိုပင်ဟေဂင်အသင်းအနေနဲ့ ဘက်စုံသာလွန်မှုရှိတဲ့ မန်စီးတီးကို အခက်တွေ့အောင်သာ ကစားနိုင်ဖွယ်ရှိတယ်။ မန်စီးတီးအသင်းက လူစုံထုတ်လာဖွယ်မရှိရင်တောင် နောက်တစ်ဆင့်တက်လှမ်းသွားနိုင်မယ့် အခြေအနေရှိတယ်။

## ရီးရဲမက်ဒရစ် VS လိုက်ပ်ဇစ်

| ချန်ပီယံလိဂ်နောက်ဆုံးသုံးပွဲရလဒ် | ချန်ပီယံလိဂ်နောက်ဆုံးသုံးပွဲရလဒ် |
|---|---|
| ရီးရဲမက်ဒရစ် ၄ – ၂ နာပိုလီ | မန်စီးတီး ၃ – ၂ လိုက်ပ်ဇစ် |
| ယူနီယံဘာလင် ၂–၃ ရီးရဲမက်ဒရစ် | လိုက်ပ်ဇစ် ၂ – ၁ ယန်းဘွိုင်း |
| လိုက်ပ်ဇစ် ၀ – ၁ ရီးရဲမက်ဒရစ် | လိုက်ပ်ဇစ် ၀ – ၁ ရီးရဲမက်ဒရစ် |

လိုက်ပ်ဇစ်က နိုင်ပွဲရရေးကို ဦးတည်လာမှာဖြစ်ပေမယ့် ဘာနေဗျူးမှာ နာမည်ကြီး ရီးရဲမက်ဒရစ်ကို ကျော်ဖြတ်ဖို့ ခက်မယ်။ ရီးရဲမက်ဒရစ်က တိုက်စစ်၊ ခံစစ်အကောင်းဆုံးပုံစံမှာရှိတယ်။ ဒါကြောင့် ခြေစွမ်းကျဆင်းနေတဲ့ လိုက်ပ်ဇစ်အသင်း ဘိုင်ယန်မြူးနစ်ကို နောက်တစ်ဆင့်တက်လှမ်းနိုင်တဲ့အထိ စွမ်းဆောင်နိုင်ဖွယ်မရှိဘူး။

■ မိုးဇက် – စုစည်းသည်




# ဒီရစ်ဒါကို အနိုင်ယူပြီး ဝိတ်တန်းသုံးခု ချန်ပီယံဖြစ်လာသည့် မာလီခင်

ကာတာနိုင်ငံ လူဆေးမြို့၌ မတ် ၁ ရက်ညပိုင်းက ယှဉ်ပြိုင်ကျင်းပခဲ့သည့် ONE Championship ပြိုင်ပွဲ၏ One 166 ပြိုင်ပွဲတွင် ရုရှားနိုင်ငံသား မာလီခင်သည် နယ်သာလန်နိုင်ငံသား ဒီရစ်ဒါကို တတိယအချီတွင် ဒိုင်ပွဲရပ်ဖြင့် အလဲထိုးကာ မစ်ဒယ်ဝိတ်တန်းကိုယ်ခံပညာသိုင်းပေါင်းစုံချန်ပီယံ ခါးပတ်ကို ရယူသိမ်းပိုက်နိုင်ခဲ့သည်။

အဆိုပါ ပြိုင်ပွဲတွင် ဒီရစ်ဒါနှင့် မာလီခင်တို့သည် ခေါင်းပွဲစဉ်အဖြစ် ထိုးသတ်ခဲ့ကြခြင်းဖြစ်သည်။ ဒီရစ်ဒါက ၎င်းပိုင်နိုင်သည့် ချုပ်ကွက်များဖြင့်သာ ယှဉ်ပြိုင်ခဲ့ကာ မာလီခင်က ၎င်း၏ ချုပ်ကွက်များကို ပါးနပ်စွာ ရှောင်နိုင်ခဲ့ပြီး အားပါသော လက်သီးထိုးချက်များဖြင့် ထိုးသတ်ခဲ့သည်။ တတိယအချီအစတွင် မာလီခင်က လက်သီးထိုးချက်များဖြင့် တရစပ်ထိုးပြီး ဒီရစ်ဒါကို အပေါ်စီးမှ ဖိထားနိုင်ချိန်တွင် လက်သီးထိုးချက်၊ ဒူးတိုက်ချက်များဖြင့် ထိုးသတ်ခဲ့မှုကြောင့် ဒီရစ်ဒါ ဆက်မထိုးနိုင်တော့ဘဲ ဒိုင်ပွဲရပ်ဖြင့် မာလီခင် အနိုင်ရခဲ့သည်။ ယခုပွဲစဉ်တွင် မစ်ဒယ်ဝိတ်တန်းချန်ပီယံ ခါးပတ်ကို သိမ်းပိုက်ရယူနိုင်ခဲ့သည့် မာလီခင်သည် ONE Championship ပြိုင်ပွဲ၏ ဟဲဗီးဝိတ်နှင့် လိုက်ဟဲဗီးဝိတ်တန်းများ၏ ချန်ပီယံခါးပတ်များကိုလည်း ရယူထားနိုင်သည့်အတွက် ONE Championship ပြိုင်ပွဲသမိုင်းတွင် ပထမဆုံးဝိတ်တန်းသုံးခု ချန်ပီယံဖြစ်လာခဲ့သည်။

ဒီရစ်ဒါသည် လိုက်ဟဲဗီးဝိတ်နှင့် မစ်ဒယ်ဝိတ်တန်းတွင် မာလီခင်ကို နှစ်ပွဲဆက် ရှုံးနိမ့်ခဲ့သည့်အတွက် ၎င်း၏ ခါးပတ်များကို လက်လွှတ်လိုက်ရပြီ ဖြစ်သည်။ **Photo– ONE Championship**

ပြည်တွင်းအခွန်များဦးစီးဌာန

# အောင်ဘာလေသိန်းဆုဌာနခွဲ

## အကြိမ် (၆၀)မြောက် ကျပ် (၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီပေါက်စဉ် ၂၀၂၄ ခုနှစ် မတ် လ (၁) ရက်နေ့

အောင်ဘာလေသိန်းဆု ထီပေါက်စဉ်အား www.ird.gov.mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။ *အခမဲ့ထုတ်ဝေသည်*

### အထူးဆုကြီး ကျပ်သိန်း (၅၀၀၀) ဆု
ဃ - ၁၉၉၇၂၄

ကံထူးရှင်(၁)ဦး

### အထူးဆုကြီး ကျပ်သိန်း (၂၀၀၀) ဆု
ဇ - ၁၁၁၆၉၉

ကံထူးရှင်(၁)ဦး

### အထူးဆုကြီး ကျပ်သိန်း (၁၀၀၀) ဆု
င - ၆၆၄၉၁၈

ကံထူးရှင်(၁)ဦး

### ဆုတစ်ဆုချင်းကျပ်သိန်း(၅၀၀)ဆုများ
ဇ - ၁၉၉၄၃၂ ဃ - ၂၃၃၆၀၄

ကံထူးရှင်(၂)ဦး

### ဆုတစ်ဆုချင်းကျပ်သိန်း(၂၀၀)ဆုများ
ဇ - ၁၃၉၈၉၃ ဇ - ၈၆၄၃၂၇
ဃ - ၈၂၆၅၄၁

ကံထူးရှင်(၃)ဦး

### ဆုတစ်ဆုချင်းကျပ်သိန်း(၁၀၀)ဆုများ
ဇ - ၃၁၇၂၇၂ ဆ - ၄၄၉၀၂၅ က - ၈၉၅၈၆၀
ဆ - ၃၈၀၂၈၇ ဃ - ၄၆၉၁၈၆

ကံထူးရှင်(၅)ဦး

### ဆုတစ်ဆုချင်း ကျပ်သိန်း(၅၀)ဆုများ
စ - ၂၄၂၂၈၃ ဆ - ၅၇၅၉၀၀
စ - ၂၆၄၉၇၆ င - ၆၅၉၈၂၇
စ - ၄၈၃၄၀၄ ဃ - ၇၄၇၁၅၇
က - ၅၀၈၄၅၁ ဆ - ၇၈၉၆၀၁
င - ၅၅၂၄၅၉

ကံထူးရှင်(၉)ဦး

### ဆုတစ်ဆုချင်း ကျပ်သိန်း(၂၀)ဆုများ
ဇ - ၁၄၆၆၅၄ င - ၄၆၈၂၅၀ ဂ - ၇၈၀၂၈၆
ဆ - ၁၆၄၃၃၂ ဇ - ၅၈၅၅၁၆ ဂ - ၉၀၄၅၆၇
ဂ - ၂၄၄၆၇၃ ဆ - ၅၉၄၈၀၁ ဆ - ၉၁၉၀၂၅
စ - ၃၃၂၄၅၆ င - ၆၅၇၅၆၈ ဂ - ၉၄၁၄၆၂
င - ၄၀၃၁၃၇ စ - ၆၈၈၈၉၃

ကံထူးရှင်(၁၄)ဦး

### ဆုတစ်ဆုချင်း ကျပ်(၁၀)သိန်းဆုများ
ဇ - ၁၀၀၃၀၀ ဆ - ၄၅၃၅၁၃
က - ၁၁၃၉၁၀ စ - ၅၉၉၃၇၃
ဂ - ၁၂၃၅၂၂ င - ၇၉၄၅၆၅
စ - ၁၂၅၉၆၁ ဂ - ၈၅၃၄၃၄
ဂ - ၁၉၃၄၁၆ ဆ - ၈၅၉၅၈၅
င - ၂၀၁၁၅၈ ဆ - ၈၉၆၉၆၄
က - ၂၇၉၁၇၃

ကံထူးရှင်(၁၃)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ(၃)ယူနစ်
က - ၂၉၃၈၉
ဃ - ၄၀၂၂၀
ခ - ၇၄၇၄၈

အက္ခရာနှင့်ရှေ့ဂဏန်း(၅)လုံးအစဉ်လိုက်တူ - ကျပ်(၃၀)သိန်း

ကံထူးရှင်(၃၀)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ(၃)ယူနစ်
စ - ၁၂၁၄
ဂ - ၇၁၅၃
စ - ၇၆၅၀

အက္ခရာနှင့်ရှေ့ဂဏန်း(၄)လုံးအစဉ်လိုက်တူ - ကျပ်(၂)သိန်း

ကံထူးရှင်(၃၀၀)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ(၆)ယူနစ်
ခ - ၁၄၃ ဆ - ၅၁၃ င - ၇၃၂
ခ - ၁၉၃ ဃ - ၆၂၅ ဇ - ၉၈၇

အက္ခရာနှင့်ရှေ့ဂဏန်း(၃)လုံးအစဉ်လိုက်တူကျပ်(၁)သိန်း

ကံထူးရှင်(၄၅၂၅)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၅)သောင်းဆုများ(၃)ယူနစ်
က - ၂၅ ခ - ၄၉ ခ - ၅၂

အက္ခရာနှင့်ရှေ့ဂဏန်း(၂)လုံး အစဉ်လိုက်တူ - ကျပ်(၅)သောင်း

ကံထူးရှင်(၂၂၅၇၅)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သောင်းဆု(၁)ယူနစ်
ဆ - ၂

အက္ခရာနှင့်ရှေ့ဂဏန်း(၁)လုံး အစဉ်လိုက်တူ - ကျပ်(၁)သောင်း

ကံထူးရှင်(၇၄၉၇၅)ဦး

## ဘဏ္ဍာသိမ်းရငွေမှ ပြန်လည် ချီးမြှင့်သောဆုမဲများ

### ဆုတစ်ဆုချင်း ကျပ် (၁၀) သိန်းဆုများ
ဃ - ၃၁၉၄၄၁ ဂ - ၅၇၉၀၅၉
စ - ၄၂၂၉၄၆ ဃ - ၉၉၀၈၇၉

ကံထူးရှင်(၄)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ(၂)ယူနစ်
ဂ - ၂၀၄၉၁ စ - ၆၆၇၀၄

အက္ခရာနှင့်ရှေ့ဂဏန်း(၅)လုံးအစဉ်လိုက်တူ - ကျပ်(၃)သိန်း

ကံထူးရှင်(၂၀)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ(၂)ယူနစ်
ဇ - ၃၉၈၃ ဂ - ၉၁၆၉

အက္ခရာနှင့်ရှေ့ဂဏန်း(၄)လုံးအစဉ်လိုက်တူ - ကျပ်(၂)သိန်း

ကံထူးရှင်(၁၂၃ )ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ(၂)ယူနစ်
ဃ - ၄၁၁ ဂ - ၄၁၇

အက္ခရာနှင့်ရှေ့ဂဏန်း(၃)လုံးအစဉ်လိုက်တူ - ကျပ်(၁)သိန်း

ကံထူးရှင်(၁၅၅၀)ဦး

၁။ ၂၀၂၄ ခုနှစ်၊ မတ် လ (၁)ရက်နေ့တွင် ကျင်းပသည့် အကြိမ် (၆၀)မြောက် ကျပ် (၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် ဆုမဲ(၁၀၄၁၅၁)ဆု ဖွင့်လှစ်ပေးခဲ့ပြီး စုစုပေါင်း ကံထူးရှင်(၁၀၄၁၅၁)ဦး ဖြစ်ပါသည်။

၂။ မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲ စုစုပေါင်းတန်ဖိုး (ဘဏ္ဍာသိမ်းရငွေများအပါအဝင်) အားပြန်လည်အစားထိုး ဖွင့်လှစ်ပေးခဲ့ပါသည်။

၃။ ၂၀၂၄ ခုနှစ်၊ ဧပြီလ (၁)ရက်နေ့တွင် ဖွင့်လှစ်မည့် (၆၁)ကြိမ်မြောက် ကျပ်(၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် အောင်ဘာလေသိန်းဆုထီ၏ ဖြန့်ဝေရောင်းချပေးမည့် အက္ခရာများမှာ (က) အက္ခရာမှ (ဈ) အက္ခရာထိ အက္ခရာ (၉)လုံးဖြစ်ပြီး ၎င်းအနက်မှ ၇၅% ဖြစ်သော ထီလက်မှတ်အုပ်ရေ (၅၅၂၇၆)အုပ်ဖြစ်ပါသည်။

၄။ အကြိမ်(၆၀)မြောက် ကျပ်(၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီ ဆုမဲများအနက် ကျပ် (၁၀)သိန်းနှင့်အထက် ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို ( ၄-၃-၂၀၂၄ )ရက်နေ့မှစတင်၍ ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျန်ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို( ၁၄-၃-၂၀၂၄ ) ရက်နေ့မှစတင်၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းနှင့် ဆုငွေများကို ကိုယ်တိုင်ဖြစ်စေ၊ တရားဝင် ကိုယ်စားလှယ်လွှဲစာဖြင့်ဖြစ်စေ နိုင်ငံသားစိစစ်ရေးကတ် မူရင်း/မိတ္တူ၊ အိမ်ထောင်စုစာရင်း မူရင်း/မိတ္တူ၊ (၆)လအတွင်းရိုက်ကူးထားသည့် လိုင်စင်ဓာတ်ပုံ(၃)ပုံ တင်ပြရန် လိုအပ်ပါသည်။

အောင်ဘာလေသိန်းဆုဌာနခွဲ

## လေလံကြေညာခြင်း

ရှမ်းပြည်နယ်တောင်ပိုင်း၊ နမ့်စန်မြို့နယ်၊ အမှတ် (၃)ရပ်ကွက်၊ သီတာလမ်း၊ အကွက်အမှတ် (၁၈)၊ ဦးပိုင်အမှတ် ၂(ခ)၊ မြေအမျိုးအစား၊ မြို့မြေဧရိယာ (၀.၀၉၅) RC တစ်ထပ်တိုက်လုံးခြင်းအိမ်အပါ (၂၃-၆-၂၀၂၂)ရက်မှ (၂၂-၆-၂၀၅၂)ထိ နှစ် (၃၀) ဂရန်ရှိသော မြေကွက်အား လေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

၁။ **လေလံလျှောက်လွှာရောင်းချမည့်ရက်** - ၅-၃-၂၀၂၄ရက်မှ၁၄-၃-၂၀၂၄ရက်ထိ
၂။ **လေလံလျှောက်လွှာပိတ်မည့်ရက်** - ၁၄-၃-၂၀၂၄ရက် ညနေ ၄နာရီ
၃။ **လေလံလျှောက်လွှာရောင်းချမည့်နေရာ** - အမှတ် (၃)ရပ်ကွက်၊ သီတာလမ်း၊ - သမဝါယမဦးစီးဌာန၊ နမ့်စန်မြို့
၄။ **လေလံထုခွဲရောင်းချမည့်ရက်** - ၁၅-၃-၂၀၂၄ရက် နံနက် ၁၀နာရီ
၅။ **ဆက်သွယ်ရန် ဖုန်း** - ၀၉-၂၆၀၇၂၁၂၃၁၊၀၉-၇၇၃၇၂၆၆၈၁

**လေလံထုခွဲရောင်းချရေးအဖွဲ့**
**ရှမ်း(တောင်)၊ နမ့်စန်မြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာအောင်မြေအရှေ့ရပ်ကွက်၊ အကွက်အမှတ် ၅၂၀၊ ဦးပိုင်အမှတ်(၂၁-ဟ/၉)ခဲစင်း/၃၉X၄၀ကြား၊ ၈၀X၈၁လမ်းကြားရှိ ဒေါ်မြမြအမည်ပေါက် ဘိုးဘမြေကွက်အား အမွေဆက်ခံစာချုပ် အမှတ် (၁၀၀၇/၂၀၁၇)ဖြင့် အမွေဆက်ခံခဲ့ကြသော ဒေါ်သစ်သစ် ၉/မရတ(နိုင်)၀၃၆၇၉၅၊ ဦးမြင့်သိန်း ၉/မဟာမ(နိုင်)၀၅၆၈၄၂၊ ဒေါ်သန်းသန်း ၉/မရတ(နိုင်)၀၃၆၇၉၆၊ ဒေါ်ဖြူဖြူအောင် ၁၂/ဥကမ(နိုင်)၂၁၆၁၉၄၊ ဒေါ်အေးအေးမြင့် ၉/မရတ(နိုင်)၀၃၆၇၉၇၊ ဒေါ်ကျင်ကျင် ၉/မရတ(နိုင်)၀၃၆၇၉၈၊ ဦးအောင်မြင့် ၉/မရတ(နိုင်)၀၃၆၇၉၉တို့၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၂၁၄၇/၂၀၁၈)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ဝင်းဝင်း ၅/စကန(နိုင်)၁၄၈၅၅၆ကဘိုးဘအမည်ပေါက်မြေပုံတင်ပြ၍ ခဲစင်းပြမှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊တရားရုံး ဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၈)ရပ်ကွက်၊ အကွက်အမှတ် အ-၁၇၊ ဦးပိုင်အမှတ် (၁၃)ခဲစင်း မြောက်ခြမ်း၊ ၁၁၉X၁၂၀ကြား၊ ၆၈.C လမ်းရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးညွန့်သိန်း ၉/မနမ(နိုင်)၀၆၂၈၅၃၊ MBU – ၀၃၄၉၄၉၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၅၇၉၁/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်နန်းဆိုင်ဥ ၁၃/တယန (နိုင်)၀၄၀၈၁၄က တောဂရန်တင်ပြ၍ ခဲစင်းပြမှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာ တမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဥပုသ်တော်ရပ်ကွက်၊ အကွက်အမှတ် ၂၁၊ ဦးပိုင်အမှတ်(၅)ခဲစင်း/ ၉X၁၀ကြား၊ ၇၃X၇၅လမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ဦးကိုကိုကြီး ၉/မနမ(နိုင်)၀၂၀၂၁၅၊ ဦးစောကိုကို ၉/မနမ(နိုင်) ၁၀၈၁၈၁၊ ဒေါ်ရီရီတိုး ၉/မနမ(နိုင်)၁၀၈၁၆၂ ၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၅၄၂၁/၂၀၂၁)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးသူရိန်တင်ဝင်း ၉/ခအဇ(နိုင်)၀၀၂၆၇၄က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြမှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊တရားရုံး ဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ် ၅၁၄/၂၊ ဦးပိုင်အမှတ်(၃၆၂-ခ)/ ၃၅လမ်း၊ ၅၇X၅၈လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူဒေါ်နွယ်နွယ်ချို ၁/ မကတ(ဧည့်)၀၀၀၆၇၇ ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၂၅၇၉/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ရီရီဋ္ဌေး ၁/ဗမန(နိုင်)၀၆၆၅၇၂၊ ဒေါ်သန္တာအောင် ၅/ ဟမလ(နိုင်)၀၇၀၂၅၉ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ဘုံမှာ(၁၉)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(ည)၊ မြေကွက်အမှတ်(၁၄၄၆/ခ)ဟုခေါ်တွင်သော နှစ်(၆၀)မြေငှားဂရန်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဌာနတွင် ဦးကျော်ဝဏ္ဏစိုး ၁၂/ရပသ(နိုင်)၀၇၄၈၂၃နှင့် ဒေါ်သက်ထားခိုင် (၁၂/လမန(နိုင်)၁၅၇၉၃၃) အမည်ပေါက်လျက်ရှိသော (၂၀X၆၀)ပေအကျယ်ရှိသော မြေကွက်အား ယခုရောင်းချသူ ဦးအောင်ကြည်ဇင် (၁၂/ပဘတ(နိုင်)၀၁၈၄၁၃) သည် အဆိုပါမြေကွက်အား မိမိမှတရားဝင်ဝယ်ယူပိုင်ဆိုင်ထားကြောင်း၊ အခြားသူများသို့ ထပ်ဆင့်ရောင်းချခြင်း၊ လွှဲပြောင်းထားခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းထားခြင်း၊ အာမခံ ထားခြင်း စသည့် မည်သည့်အရှုပ်အထွေးများမရှိကြောင်း ဝန်ခံပြောဆိုပြီး ကာလတန်ဖိုးဖြင့် ယခုရောင်းချရန် ကမ်းလှမ်းပြောဆိုလာရာ ကျွန်ုပ်အမှု သည်ဖြစ်သူ ဒေါ်မေသဥ္ဇာဝင်း(၇/ရတရ(နိုင်)၁၅၅၄၉၄)မှ ဝယ်ယူရန် ကျေနပ်လက်ခံသဘာတူသဖြင့် ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေ ပြီးဖြစ်ပါသည်။ သို့ပါသောကြောင့် အဆိုပါရောင်းချသည့်မြေကွက်နှင့်ပတ်သက်သည့် ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆိုပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထား (မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မည့်သူမရှိပါက ယခုအရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရွှန်းလဲ့ဇော် (LL.B; D.B.L; D.I.L )**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၆၈၄)**
**အမှတ်(၃၇၉)၊ ဓမ္မာရုံလမ်း၊ (၁၃)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၄၄၉၄၆၄၅၉၂၊ ၀၉-၉၅၅၆၄၁၄၄၉**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ် ၅၁၄/၂၊ ဦးပိုင်အမှတ် (၃၆၂-ဃ)၊ ၃၅လမ်း၊ ၅၇X၅၈လမ်း ကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ချန်မြင့် ၁၃/နခန(နိုင်)၀၃၆၇၆၃၏ အထူး ကိုယ်စားလှယ်လွှဲစာအမှတ် (၂၅၈၁/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ရီရီဋ္ဌေး ၁/မမန(နိုင်)၀၆၆၅၇၂၊ ဒေါ်သန္တာအောင် ၅/ဟမလ(နိုင်)၀၇၀၂၅၉က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

